## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

## (၁၁) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်**

**(၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို မွန်းလွဲ ၁၃း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန် ၊ ၁၃း၃၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦးရှိတဲ့အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၁.၁၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်ခြင်းမပြုနိုင်တဲ့ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုကို ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌဖြစ်သူမှ စုပေါင်းပန်ကြားခွင့်ပြုနိုင်ပါရန် ဦးစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ ခွင့်ပန်ကြားမှုအခြေအနေများကတော့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦးမှ ယနေ့တက်ရောက်သူ ၃၉၁ ဦးရှိတဲ့အတွက်ကြောင့် စုစုပေါင်းခွင့်ပန်ကြားထားသူ ၃၈ ဦးရှိပါတယ်။ ၎င်းအနက်မှာ ၂၄ ဦး ကတော့ ယခင်နေ့အထိ ခွင့်ပန်ကြားထားပြီး၊ ယနေ့ ခွင့်ထပ်မံပန်ကြားသူ ၁၄ ဦး စုစုပေါင်း

၃၈ ဦး ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားထားသူ ကိုယ်စားလှယ် ၁၄ ဦး မှာတော့ ၁ ရက် ခွင့်ပန်ကြားထားသူ ၅ ဦး၊ ၂ ရက်ခွင့်ပန်ကြားထားသူ ၉ ဦး၊ စုစုပေါင်း ၁၄ ဦးဖြစ်ပါ တယ်။ ၁ ရက်ခွင့်ပန်ကြားထားသူ ၅ ဦးမှာတော့-

(၁) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်၊

(၂) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၊

(၃) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း၊

(၄) ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ်၊

(၅) လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို တို့ ၅ ဦးဖြစ်ပါတယ်။

၂ ရက် ခွင့်ပန်ကြားထားသူ ၉ ဦးမှာတော့-

(၆) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊

(၇) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း၊

(၈) သရက်မဲဆန္ဒနယ်မှ ဦးဝင်းထွန်း၊

(၉) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်းတို့ ၄ ဦးဟာ ကိုယ်ရေကိုယ်တာကိစ္စများ ဆောင်ရွက်ရန်အတွက် ခွင့် ၂ ရက်ပန်ကြားထားခြင်း ကိစ္စဖြစ်ပါတယ်။

(၁၀) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်၊

(၁၁) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၊

(၁၂) ဒုဂုံဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင်၊

(၁၃) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း၊

(၁၄) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ

စုစုပေါင်း ယနေ့ ခွင့်ပန်ကြားထားသူ ၁၄ ဦး ဖြစ်ပါကြောင်း ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၄ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းခေါင်းများကဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဘားအံ-ကော့ကရိတ်-မြဝတီကားလမ်းအား ယခု ဆောင်ရွက်နေမှု အခြေအနေနှင့် ထိုင်းနိုင်ငံ အကူအညီဖြင့် ဖောက်လုပ်ပေးမည့် မြဝတီ-ကော့ကရိတ် ကားလမ်းကြောင်းအသစ် ဖောက်လုပ်မည့် အခြေအနေ တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသူရိန်ဇော်(ကော့ကရိတ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည် တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကရင်ပြည်နယ် ဘားအံ-ကော့ကရိတ်-မြဝတီ ကားလမ်းရဲ့နောက်ဆုံးဆောင်ရွက်မှု အခြေအနေနှင့် ထိုင်းနိုင်ငံရဲ့ အကူအညီနဲ့ဖောက်လုပ်မယ့် မြဝတီ-ကော့ကရိတ် ကားလမ်းအသစ် ဖောက်လုပ်မည့် နောက်ဆုံးအခြေအနေ တို့အား မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဘားအံ-ကော့ကရိတ်- မြဝတီကားလမ်းဟာ နယ်စပ်နှင့်ပြည်တွင်းကို ဆက်သွယ်ရာမှာ အတိုဆုံးကားလမ်းဖြစ်ပြီးတော့ နေ့စဉ် ကုန်တင်ကားစီးရေ ၂၁၀ ကျော်ခန့် သွားလာနေသော မြန်မာနိုင်ငံနယ်စပ်ကုန်သွယ်မှု ဒုတိယအများဆုံး လမ်းကြောင်းဖြစ်ပါတယ်။ ကားလမ်းအရှည်ကတော့ ၁၁၀ မိုင်

၂ ဖာလုံရှိပါတယ်။ ဒီကား လမ်းကို AK ကုမ္ပဏီကို BOT စနစ်ဖြင့်ဆောင်ရွက်ဖို့ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ကနေ စတင်ဆောင်ရွက်ခွင့်ပြုခဲ့တဲ့ အချိန်ကနေစပြီးတော့ ကုမ္ပဏီအနေနဲ့ ကားလမ်းကိုအကြောင်းပြုပြီးတော့ စက်ယန္တရားကြီးတွေ၊ မော်တော်ယာဉ်တွေ တင်သွင်းခြင်းကို ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် ဆောင်ရွက်ခဲ့သော်လည်း လမ်းအသုံးပြုခကောက်ခံခြင်းကိုသာ ဦးစားပေး ဆောင်ရွက်နေပြီးတော့ လမ်းပြုပြင်ခြင်းကို လုပ်ငန်းကျွမ်းကျင်မှုမရှိခြင်း၊ မနိုင်မနင်းဆောင်ရွက်နေခြင်းများကြောင့် အရင် BOT စနစ် မဆောင်ရွက်မီက အခြေအနေထက်များစွာ ဆိုးရွားနေတဲ့အတွက်ကြောင့် ဒေသခံပြည်သူများ စိတ်မချမ်းမသာဖြစ်ကြရပါတယ်။ ဒီလမ်းကြောင်းအခြေအနေ ဆိုးရွားခြင်းကိုလည်း ကရင်ပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တဲ့ ဘားအံမဲဆန္ဒနယ်က ဒေါ်နန်းစေအွာ၊ မြဝတီမဲဆန္ဒနယ်က ဦးသန်းဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအေးနိုင်တို့က အသီးသီးမေးမြန်းခဲ့ကြပါတယ်။ ထိုစဉ်က ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားခဲ့ရာမှာ AK ကုမ္ပဏီဟာ စက်ယန္တရားအင်အား၊ အင်ဂျင်နီယာအင်အား၊ လုပ်သားအင်အားတောင့်တင်းပြီးတော့ လုပ်ကိုင်နိုင်သူများဖြစ်တယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း BOT လုပ်ငန်းရှင်တွေကို လမ်းအင်္ဂါရပ်တွေ ပြည့်စုံနိုင်ရေး၊ စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်နိုင်ရေးတို့အတွက် အဖွဲ့များ ခွဲပြီးတော့ ကြပ်မတ်လျက်ရှိပါတယ်။ မြဝတီ-ဘားအံလမ်းအပိုင်းကိုလည်း ကုမ္ပဏီအနေနဲ့ လမ်းအသုံးပြုခကောက်ခံခြင်းမပြုဘဲနှင့် လမ်းတံတားလုပ်ငန်းများ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့က ဖြေကြားခဲ့ပါတယ်။ အဲဒီလို ဖြေကြားပြီး တစ်နှစ်ကျော်ကြာသော်လည်း လမ်းအခြေအနေကမထူးခြားဘဲ အပေါက်တွေကိုပုံတွေနဲ့ တင်ပြထားပါတယ်။ လမ်းဘေးက မြေကြီးနှင့်ဖာခြင်း၊ ကျောက်အနည်းငယ်၊ ကတ္တရာအနည်းငယ်တို့နဲ့ဖာခြင်းတို့ကိုသာ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ကော့ကရိတ်နှင့် သယ်န်းညီနောင်ကြား တောင်ပေါ်လမ်းအခြေအနေကတော့ ဒီထက်ပိုပြီးအခြေအနေဆိုးတယ်လို့ သိရှိရပါတယ်။ ကားတွေတန်ပိုတင်လို့ လမ်းပျက်ရတယ်ဆိုရင်လည်း အဲဒီကုမ္ပဏီဟာ တန်ပိုကြေးတွေ ကောက်ခံလျက်ရှိကြောင်း သိရှိရပါတယ်။ ဒီလမ်းကိုသုံးတဲ့ကားတွေပဲ အတက်အဆင်းမှာ သံလွင်မြစ်ကူးတံတား(ဘားအံ)ကနေပြီး ပဲခူးဘုရားကြီးအထိ ရွှေသံလွင်ကုမ္ပဏီ BOT ယူထားတဲ့လမ်းကို ဆက်စပ်သွားလာကြရပါတယ်။ ရွှေသံလွင်လမ်းကတော့ သွားရလာရတာ အဆင်ပြေချောမွေ့ပြီးတော့ သွားလာတဲ့ကားတိုင်းမှ ဒီ BOT လမ်းနှစ်ခုကို အမြဲနှိုင်းယှဉ်ပြီးတော့ ပြောနေကြပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများလည်း လမ်းကြောင်းကိုဆင်းပြီး စစ်ဆေးပေးစေလိုပါတယ်။ လုံခြုံရေးအခြေအနေကောင်းနေပါပြီ။ ငြိမ်းချမ်းနေပါတယ်။ နောက်ဆုံးကြားသိရတာကတော့ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းချက်အရ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့က စပြီး AK ကို BOT စနစ်ဖြင့် ဘားအံနှင့်ကော့ကရိတ်လမ်းပိုင်းကိုပဲ ဆက်လက်ပြီးတော့ တာဝန်ယူစေပြီးတော့ ကော့ကရိတ်-မြဝတီလမ်းပိုင်းကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်မယ်လို့သိရှိရပါတယ်။ ဆောက်လုပ်ရေးက တာဝန်ယူဆောင်ရွက်တာ လူထုတွေအားလုံးကြိုဆိုပါတယ်။ ဒါကြောင့် ကျွန်တော်သိရှိလိုတဲ့ မေးခွန်းကတော့ (၁) ဘားအံ- ကော့ကရိတ်-မြဝတီလမ်းပိုင်းရဲ့ နောက်ဆုံးအခြေအနေကို သိရှိလိုပါတယ်။ (၂) ထိုင်းနိုင်ငံအကူအညီနဲ့ လက်ရှိ မြဝတီ-ကော့ကရိတ်

ဒေါနတောင်ကို ကျော်ပြီးတော့ သွားတဲ့လမ်းအစား တောင်တက်မှာ ကားလမ်းကြောင်းအသစ် ဖောက်လုပ်ရန် ရှိနေသည်လို့လဲ သိရှိရပါတယ်။ ဒါကြောင့်လည်း ဒီတောင်ပေါ်လမ်းကို နောက်မှာသုံးတော့မှာ မဟုတ်တဲ့အတွက် ကုမ္ပဏီကမဆောင်ရွက်လိုတော့ဘဲ ပြန်အပ်ခြင်းဖြစ်တယ်လို့ ဒေသခံပြည်သူတွေက ပြောဆိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံရဲ့အကူအညီနဲ့ ဖောက်လုပ်မယ့်လမ်းကြောင်း ဆောင်ရွက်မှုအခြေအနေနဲ့ ပြီးစီးနိုင်မည့် ခုနှစ်စသည်တို့ကို သိရှိလိုပါတယ်။ အားလုံးလည်း သိရှိရအောင် ပြည်သူလူထုရဲ့ ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ မေတ္တာပို့ဆုတောင်းရင်းနဲ့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကရင်ပြည်နယ်၊ ကော့ကရိတ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော်မှ လွှတ်တော်အစည်းအဝေးသို့ မေးမြန်းသော ကရင်ပြည်နယ် ဘားအံ-ကော့ကရိတ်-မြဝတီ ကားလမ်းစုစုပေါင်း ၁၁၀ မိုင် ၂ ဖာလုံအား ယခုနောက်ဆုံးဆောင်ရွက်နေမှုအခြေအနေနှင့် ထိုင်းနိုင်ငံ အကူအညီဖြင့်ဆောက်လုပ်ပေးမည့် မြဝတီ-ကော့ကရိတ်ကားလမ်းကြောင်း အသစ်ဖောက်လုပ်မည့် အခြေအနေအားသိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်အတွင်းရှိ ဘားအံ-ကော့ကရိတ်-မြဝတီလမ်း ၁၁၀ မိုင် ၂ ဖာလုံဟာ အေးကိုမိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ၂၃-၉-၂၀၀၉ ရက် နေ့မှစတင်ပြီးတော့ BOT စနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀-၉-၂၀၁၂ ရက်နေ့မှာ ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီအပိုင်း ၃၉ မိုင် ၂ ဖာလုံအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်သိမ်းယူခဲ့ပါတယ်။ ၂၃-၁၀-၂၀၁၂ ရက်နေ့မှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ညှိနှိုင်းချက်အရ အိန္ဒူမှ ကော့ကရိတ်အပိုင်း ၄၂ မိုင် ၆ ဖာလုံအား အရှေ့အနောက် စကြံ်လမ်းမကြီးအပိုင်းတွင်ပါဝင်နေသဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ ချေးငွေအကူအညီဖြင့် ဆောင်ရွက်ရန် ညှိနှိုင်းသဘောတူညီချက်အရ အိန္ဒူမှကော့ကရိတ်အပိုင်းအား အေးကိုမိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ BOT စနစ်ဖြင့် ဆောင်ရွက်ခြင်းအား လုပ်ငန်းပြန်လည်သိမ်းယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် အေးကိုမိသားစုဆောက်လုပ်ရေးကုမ္ပဏီကို ဘားအံမှ အိန္ဒူလမ်းဆုံအထိ ၁၃ မိုင် ကိုသာ BOT စနစ်နဲ့ ဆောင်ရွက်စေမှာဖြစ်ပြီး ဘားအံမှ ၈ မိုင်အထိအပိုင်းကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ကျန်ရှိတဲ့ ၅ မိုင်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အိန္ဒူမှ ကော့ကရိတ်အပိုင်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ချေးငွေအကူအညီဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမှာ

ဖြစ်ပါတယ်။ သဃ်န်းညီနောင်-မြဝတီ ၁၁ မိုင် ၁ ဖာလုံအပိုင်းအား မြန်မာနှင့်ထိုင်းနိုင်ငံအစိုးရတို့၏ သဘောတူညီချက်အရ ထိုင်းနိုင်ငံ Seesang ကုမ္ပဏီမှ အမာခံလမ်းပြုပြင်ခြင်း၊ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြီးစီးအောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သဃ်န်းညီနောင်-ကော့ကရိတ်အပိုင်း ၁၇ မိုင် ၃ ဖာလုံအား ထိုင်းနိုင်ငံအစိုးရ၏ Grant အကူအညီဖြင့်ဆောက်လုပ်ရန် သဘောတူညီချက်ရရှိထားပြီး ထိုင်းနိုင်ငံ Seesang ကုမ္ပဏီမှစတင်ဝင်ရောက် လုပ်ကိုင်ရန်စီစဉ်လျက်ရှိပါတယ်။ အဆိုပါလမ်းအားလျာထားချက်အရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘားအံ-ကော့ကရိတ်-မြဝတီလမ်းတွင် ဘားအံမှ အိန္ဒူ လမ်းဆုံအထိ ၁၃ မိုင်ကို အေးကိုမိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ BOT စနစ်ဖြင့် ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး အိန္ဒူမှ ကော့ကရိတ်အပိုင်း ၄၂ မိုင် ၆ ဖာလုံကို ADB ချေးငွေဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီအပိုင်း ၂၈ မိုင် ၄ ဖာလုံကိုတော့ ထိုင်းနိုင်ငံအစိုးရ အကူအညီဖြင့် ထိုင်းနိုင်ငံ Seesang ကုမ္ပဏီမှ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ထန်းတပင်-လမုတန်းတစ်ဖက်ကမ်းကို ကုက္ကိုဝမြစ်ကူးတံတား သို့မဟုတ် ကြိုးတံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသခံပြည်သူများ၏ မျှော်လင့်တောင့်တချက်အရ ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်သည် ပန်းလှိုင်မြစ်၊ လှိုင်မြစ်၊ ကုက္ကိုဝမြစ်၊ ဘောလယ်မြစ်တို့ဝန်းရံလျက်ရှိပါတယ်။ ဧရိယာအကျယ်အဝန်းမှာ ၃၂၇ စတုရန်းမိုင်ကျယ်ဝန်း၍ မြစ်ချောင်းအင်းအိုင်များဖြင့် သွားရေးလာရေးခက်ခဲလျက်ရှိပါတယ်။ ထန်းတပင်မြို့နယ်သည် ရုံးစိုက်ရာမြို့လည်းဖြစ်ပါတယ်။ မြစ် ၄ မြစ်ဝန်းရံလျက်ရှိခြင်းကြောင့် ဘောလယ်ကျွန်းမှ ကျေးရွာပေါင်း ၃၃ အုပ်စုသည်တို့သည် ထန်းတပင်မြို့သို့ သွားလာရာ၌ မှော်ဘီ၊ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်သာယာ ၄ မြို့နယ်တို့သို့ကွေ့ပတ်ကျော်ဖြတ်သွားလာရခြင်းကြောင့် အချိန်၊ ငွေ၊ လူပင်ပန်းများစွာဖြင့်အသုံးပြုဆောင်ရွက်နေရပါတယ်။ ထို့အတွက်ကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများနောက်ကျလျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ နာရီပိုင်းအတွင်း သွားရေး၊ လာရေးများအဆင်ပြေစေနိုင်သော ထန်းတပင်မြို့တစ်ဖက်ကမ်းမှ လမုတန်းကျေးရွာတစ်ဖက်ကမ်းရှိသော ကုက္ကိုဝမြစ်ကူးတံတား သို့မဟုတ် ကြိုးတံတားဆောက်လုပ်ပေးရန် မြို့နေပြည်သူလူထုဆန္ဒအရ အောက်ပါကြယ်ပွင့်ပြ မေးခွန်း

ကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်း (၁) ကုက္ကိုဝမြစ်ကူးတံတား သို့မဟုတ် ကြိုးတံတားဆောက်လုပ်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိသလိုပါတယ်။ မေးခွန်း(၂) ဆောင်ရွက်မည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီမှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ထန်းတပင်မြို့တစ်ဖက်ကမ်းမှ လမုတန်းရွာတစ်ဖက်ကမ်းဖြစ်သော ကုက္ကိုဝမြစ်ကူးတံတား သို့မဟုတ် ကြိုးတံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဘောလယ်ကျွန်းဒေသဟာ မြောက်ဘက်မှာ လှိုင်မြစ်နှင့် ဘောလယ်မြစ်၊ တောင်ဘက်မှာ ကုက္ကိုဝမြစ်၊ အရှေ့ဘက်မှာ လှိုင်မြစ်နှင့် အနောက်ဘက်မှာ ဘောလယ်မြစ်တို့နဲ့ဝန်းရံတည်ရှိလျက်ရှိပါတယ်။ ဘောလယ်ကျွန်းဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရမှ စီမံချက်ချပြီးဆောင်ရွက်ခဲ့ရာမှာ ၂၀၀၀ ပြည့်နှစ်မှာ လှိုင်မြစ်ကူးတံတား (မြို့ချောင်း)နှင့် ဘောလယ်မြစ်ကူးတံတား(ရေပေါ်သောင်)တို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ မြို့ချောင်းတံတားနှင့် ရေပေါ်သောင်တံတားများ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ဘောလယ်ကျွန်းဒေသမှ ပြည်သူများ မှော်ဘီမြို့သို့အလွယ်တကူသွားလာနိုင်ပြီး ရန်ကုန်မြို့တော်သို့လည်း အချိန်တိုအတွင်းသွားလာနိုင်ခဲ့ပြီဖြစ်တဲ့အတွက် ဒေသရဲ့လူမှုစီးပွားရေးဘဝများလည်း ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပါတယ်။ ဘောလယ်ကျွန်းဒေသမှာရှိတဲ့ ကျေးရွာ ၃၃ အုပ်စုမှ မြို့နယ်ရုံးစိုက်ရာ ထန်းတပင်မြို့သို့သွားလာရာမှာတော့ ကုက္ကိုဝမြစ်ခြားနေခြင်းကြောင့် မှော်ဘီမြို့မှ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်သာယာမြို့များသို့ကွေ့ပတ်၍သွားလာရသဖြင့် အချိန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်ခဲ့ တာတွေကိုလည်းသိရှိပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ရှည်၊ နှစ်တိုစီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိရာမှာ ကုက္ကိုဝမြစ်ကူးတံတားဆောက်လုပ်ရေး အတွက် စတုတ္ထနှစ်တို ၅ နှစ် စီမံကိန်းကာလအတွင်းဖြစ်သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကုက္ကိုဝမြစ်ကူးတံတား စီမံကိန်းအားဆောင်ရွက်ရန် လျာထားရေးဆွဲထားပါကြောင်း လေးစားစွာတင်ပြ အစီရင်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေမေးမြန်းဖို့ဖြစ်ပါတယ်။

**တမူးမြို့တွင်း၌ လျှပ်စစ်ဓါတ်အားလိုင်းတိုးချဲ့ရေးလုပ်ငန်းများဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဦးခင်မောင်ရွှေ (တမူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး တမူး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် တမူးမြို့ရှိ ပြည်သူများ လျှပ်စစ်ဓါတ်အားသုံးစွဲနိုင်ရေး နှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးမြို့နယ်မှာ အိမ်ခြေပေါင်း ၅၇၀၀ ခန့်ရှိပြီးတော့မှ ဌာနမှ တပ်ဆင်ပေးထားသော မီတာ ၁၁၂၈ လုံးခန့် ရှိပါတယ်။ တမူးမြို့ပေါ်မှာ မြို့မရပ်ကွက်၊ ဈေးတန်းရပ်ကွက်၊ စော်ဘွားရပ်ကွက်နှင့် စန္ဒကူးရပ်ကွက်တို့ရှိပြီး နိုင်ငံတော်မှ ပေးထားတဲ့ ၃၀၀ KVA စက်တစ်လုံးဖြင့် တစ်ရက်မှာ ၂ နာရီနှုန်းဖြင့် ဆီဂါလံ ၈၀၀ ခန့်ပေးထားကြောင်းသိရှိရပါတယ်။ အဆိုပါစက်ဖြင့် မီးပေးမယ်ဆိုပါက မီတာအလုံး ၃၀၀ ခန့်သာ ပေးထားနိုင်မှာဖြစ်တဲ့အတွက် တမူးမြို့ပေါ်မှာ လက်ရှိရှိနေတဲ့ မီတာအားလုံးရဲ့ ၂၇ % တစ်နည်းအားဖြင့် တစ်မူးမြို့ပေါ်မှာရှိတဲ့ အိမ်ခြေအားလုံးရဲ့ ၆ % ကိုသာ လျှပ်စစ်ဓါတ်အား ပေးထားနိုင်ကြောင်းသိရှိရရပါတယ်။ ဒါကြောင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ မြို့မိ၊ မြို့ဖများနှင့် မြို့မီးလင်းရေးကော်မတီများက နောက်ထပ်မြို့မှာ ၃၀၀ KVA စက်တစ်လုံး ဝယ်ပြီးတော့မှ ကိုယ်ပိုင်ဆီနှင့်မောင်းနှင်ပြီး နောက်ထပ်မီတာအလုံး ၄၅၀ ကို လျှပ်စစ်ဓါတ်အား ပေးထားခြင်းဖြစ်ပါတယ်။ အဲဒီအပြင်အဆိုပါစက်နှစ်လုံးဖြင့် နောက်ထပ်အချိန် ၁း၃၀ မိနစ် တိုးပြီးတော့မှ စက်နှစ်လုံးစလုံးကိုမြို့မီးလင်းရေးကော်မတီက ဆီအကုန်အကျခံပြီးတော့မှ မောင်းနှင်ပေးနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမောင်းနှင်တဲ့နေရာတွေမှာ အရှုံးမရှိစေဖို့ အခြေခံယူနစ် ၁၀ ယူနစ် မဖြစ်မနေသုံးရန်နှင့် မပြည့်ပါကလည်း အနည်းဆုံး ၁၀ ယူနစ်ကို တစ်ယူနစ်ကို ၄၀၀ ကျပ်နှုန်းဖြင့်၊ လစဉ် ၄၀၀၀ ကျပ်နှုန်းဖြင့်ပေးသွင်းနေကြရပါတယ်။ သို့သော်လည်းပဲ သာမန်ပြည်သူတွေအတွက် ဒီငွေ ၄၀၀၀ ကျပ်ပေးသွင်းဖို့ တစ်ချို့မှာ အခက်အခဲရှိကြောင်းသိရှိရပါတယ်။ တမူးမြို့နယ်အိမ်ခြေ ၅၇၀၀ ခန့်ရှိတဲ့အနက် ဌာနပိုင်လျှပ်စစ်မှ မီတာ ၃၀၀ ခန့်သာ ပေးထားနိုင်တဲ့ အတွက်ကျန်အိမ်ခြေ ၅၄၀၀ ခန့်ကို မီးလင်းရေးကော်မတီများကဆောက်ရွက်နေကြောင်း သိရှိရပါတယ်။ အချို့ရပ်ကွက်များမှာဆိုရင် ဌာနပိုင်လျှပ်စစ်ဓါတ်အားလိုင်းလဲ မရှိ၊ ပုဂ္ဂလိကပိုင်မီးအားလိုင်းများလည် မရှိတဲ့အတွက် အချို့ရပ်ကွက်များမှာ လျှပ်စစ်ဓါတ်အား သုံးစွဲခွင့်မရရှိကြပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စော်ဘွားရပ်ကွက် မီးလင်းရေး ကော်မတီနှင့် ပုဂ္ဂလိက မီးပေးစက်ကြီးနှစ်ခုဟာ အခြားအရပ် မီးပေးစက်ကြီးများ အကူအညီဖြင့် တစ်မူးမြို့မီးလင်းရေးကို ဆောင်ရွက်နေပါတယ်။ အဆိုပါစက်များကလဲ ကိုယ်ပိုင်ဆီ ကိုယ်ပိုင် ဝန်ထမ်းများဖြင့် မောင်းနှင်နေကြရတာဖြစ်တဲ့အတွက် တစ်ယူနစ်ကို ၆၀၀ ကျပ်မှ ၇၀၀ ကျပ်အထိ ပေးဆောင်နေကြရပါတယ်။ ဒါကြောင့်မို့လို့ တစ်မူးမြို့တစ်မြို့တည်းမှာပဲ နေရာသုံး နေရာခွဲပြီး ဌာနပိုင်စက်ဖြင့် မြို့မီးလင်းရေးကော်မတီကပေးတဲ့ မီတာက ၄၀၀ ကျပ်၊ ပုဂ္ဂလိက မီးလင်းရေး ကော်မတီနှစ်ခုက ၆၀၀ ကျပ်နှင့် ၇၀၀ ကျပ် ဒီလိုအမျိုးမျိုးကောက်ခံနေကြတဲ့အတွက် ဒီလိုမညီမျှမှုများကိုလည်း ပေါင်းစပ်ညှိနှိုင်းပေးဖို့လိုမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဓါတ်အားလိုင်းကြိုးများ မရှိတဲ့နေရာများမှာ ဓါတ်အားလိုင်းကြိုးများ ထပ်မံ သွယ်တန်းပေးမယ်ဆိုရင် အစိုးရမီးစက်က မီးမပေးနိုင်ပေမဲ့လည်း အစိုးရလိုင်းကိုအငှားယူပြီးတော့မှာ့ မီးပေးနေကြတဲ့ ပုဂ္ဂလိကမီးစက်ကြီးများဖြင့် မီးပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်မှာ လျှပ်စစ်ဓါတ်အား အပြည့်အဝ ပေးလာနိုင်မယ်ဆိုရင်လည်း ကြိုးများအဆင်သင့် သွယ်တန်းပြီးသား ဖြစ်လျက်ဖြစ်တဲ့အတွက် မြို့နယ်ပြည်သူများ အဆင်ပြေကြမှာ ဖြစ်ပါတယ်။ အဆိုပါစက်များကိုလည်း ကျွန်တော်မေးမြန်းကြည့်တဲ့အခါ သူတို့နဲ့နီးစပ်တဲ့ ရပ်ကွက်များအတွင်း လျှပ်စစ်လိုင်းကြိုးများ သွယ်တန်ပြီးသားသာရှိမယ်ဆိုရင် မီးပေးနိုင်ကြောင်းနှင့် ကြိုးသွယ်တန်းရေးအတွက် အခက်အခဲရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ရပ်ကွက်အတွင်း လျှပ်စစ်ဓါတ်အားလိုင်းကြိုးများ တပ်ဆင်ပေးရန်လိုအပ်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးမြို့ဟာ အိန္ဒိယနယ်စပ် မိုးရေးမြို့နှင့်ကပ်လျက်ရှိတဲ့ မြို့ဖြစ်ပါတယ်။ တစ်ဖက်မိုးရေးမြို့မှာ ၂၄ နာရီမီးပေးလျက်ရှိပါတယ်။ ပြည်သူများရဲ့တင်ပြချက်အရ နိုင်ငံတော်အစိုးရကသာဆောင်ရွက်ပေးမည်ဆိုရင် တစ်ဖက်နိုင်ငံ မိုးရေးမြို့မှတစ်ဆင့် တမူးမြို့သုံးနိုင်ရန် လျှပ်စစ်ရောင်းချပေးနိုင်ကြောင်းကြားသိရပါတယ်။ နှစ်နိုင်ငံခြင်း ဆက်သွယ်ဆောင်ရွက်ပေးရမည့် ကိစ္စဖြစ်နေပါသဖြင့် ပြည်သူများကလည်း အဆိုပါ လျှပ်စစ်ဓါတ်အား ဝယ်ယူရရှိရေးကို တင်ပြဆောင်ရွက်ပေးရန် တင်ပြလာပါတယ်။ လျှပ်စစ်ဓါတ်အား ဝယ်ယူဖြန့်ဖြူးခွင့်ရရှိလာပါက ပြည်သူများအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းမည့်အပြင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဒ့ါအပြင် ကျွန်တော့အနေဖြင့် လျှပ်စစ်ဝန်ကြီးဌာနမှ ဖြည့်စည်းဆောင်ရွက်ပေးမည်ဆိုသော ၅၀၀ KVA စက်နှင့် စော်ဘွား ဓါတ်အားလိုင်း တိုးချဲ့ရေးလုပ်ငန်းသည် မည်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းလည်း သိရှိလိုပါသည်။ ဒါကြောင့် ဒေသခံပြည်သူများရဲ့ကိုယ်စား အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါသည်ခင်ဗျား။ (၁) တမူးမြို့အတွင်း ရပ်ကွက်အသီးသီးတို့ လျှပ်စစ်ဓါတ်အားလိုင်းများ တိုးချဲ့ရေး လုပ်ငန်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ။ ရှိပါက မည်သို့စီမံ ဆောင်ရွက်ပေးထားသည်ကို သိရှိလိုပါသည်။ (၂) ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမည့် ၅၀၀ KB စက်နှင့် စော်ဘွားရပ်ကွက် လျှပ်စစ်ဓါတ်အားလိုင်း တိုးချဲ့ရေးလုပ်ငန်း မည်သည့်အစီအစဉ်တွင်ရှိကြောင်း သိရှိလိုပါသည်။ (၃) တစ်ဖက်အိန္ဒိယနိုင်ငံ မိုးရေး မြို့မှ တစ်ဆင့် လျှပ်စစ်ဓါတ်အား ဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းအား ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိ။ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်းနှင့် မရှိပါက မည်သည့်အတွက်ကြောင့် မရှိကြောင်း သိရှိလိုပါသည်။ (၄) တမူးမြို့အား ကလေးမြို့မှတစ်ဆင့် မဟာဓါတ်အားလိုင်း သွယ်တန်းဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ။ ရှိပါက မည်သို့စီစဉ်ထားသည်ကို သိရှိလိုပါသည်။ (၅) ရေရှည်အကျိုးကိုမျှော်မှန်းပြီး တစ်မူးမြို့အတွက် လျှပ်စစ်မီးအသုံးပြုနိုင်ရန် ရေအားလျှပ်စစ်ထုပ်လုပ်ဖြန်ဖြူး ပေးသွားရန် သို့မဟုတ် အခြားမည်သည့် အစီအမံများ ရှိ၊ မရှိ။ ရှိပါက မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဇော် (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးမြင့်ဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ၏ မေးခွန်းများနှင့် ပတ်သက်၍ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တမူးမြို့ကို လက်ရှိဌာနပိုင် ၁၀၀ ကေဗွီအေ၊ Volvo ဒီဇယ်ဓာတ်အားပေးစက်ကို ဒီဇယ်ဆီခွဲတမ်း (၇၉၀)ဂါလံ ဖြင့် တစ်ညနှစ်နာရီ ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာမှာ မီးသုံးသူဦးရေတိုးချဲ့ရေး၊ မီးပေးချိန် ပိုမိုရရှိရေးအတွက် မြို့မီးလင်းရေး အစီအစဉ်ဖြင့် မီးလင်းရေးအဖွဲ့ပိုင် ၁၀၀ ကေဗွီအေ CUMMINS ဒီဇယ် ဓာတ်အားပေးစက် ထပ်မံဖြည့်ဆည်းပြီးတော့ တစ်ည ၃ နာရီ ၃၀ မိနစ်ကြာ မီးသုံးသူ ၇၄၃ ဦးအား ဓာတ်အားပေးလျက်ရှိပါတယ်။ ထပ်မံလိုအပ်သော ဒီဇယ်ဆီအား မြို့မီးလင်းရေးမှ ဖြည့်ဆည်းကျခံ ဆောင်ရွက်ပြီးတော့ ကုန်ကျဆီတန်ဖိုး ပြန်လည်ရရှိရေးအတွက် တစ်ညလျှင် အများပြည်သူအား ၄၀၀ ကျပ်နှုန်း၊ ဘာသာ/သာသနာနှင့် ဌာနဆိုင်ရာအား ၃၀၀ ကျပ် နှုန်း ကောက်ခံကြောင်း သိရှိထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ ပထမမေးခွန်းနှင့် ဒုတိယမေးခွန်းကို တစ်ပေါင်းတည်းဖြေကြားသွားမှာဖြစ်ပါတယ်။ တမူးမြို့မှာ ၅၀၀ ကေဗွီအေ ဒီဇယ်စက်တစ်လုံးကို ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူပေးပို့ရန်လျာထားပြီး တမူးမြို့တွင်း ရပ်ကွက် အသီးသီးတွင် လျှပ်စစ်ဓာတ်အားလိုင်းတိုးချဲ့လုပ်ငန်းကို ၂၀၁၃- ၂၀၁၄ ခွင့်ပြုရန်ပုံငွေရရှိမှုပေါ်မူတည်၍ တိုးချဲ့ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စော်ဘွားအင်းရပ်ကွက်တွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၉၀၀၀ ကျော် တိုးချဲ့တည်ဆောက်ရန်အတွက် ဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်လျာထားပါရှိပြီး ဖြစ်ပါတယ်။ ယခုအခါ လိုအပ်ပစ္စည်းအတွက် တင်ဒါခေါ်ယူဝယ်ယူခဲ့ပြီး ဒီဇင်ဘာလကုန်တွင် ပစ္စည်းများရရှိကာ လုပ်ငန်းများစတင်နိုင်ရန် စီစဉ်ထားရှိပါတယ်။ တတိယမေးခွန်းအတွက် အိန္ဒိယနိုင်ငံ၊ မိုးရေးမြို့မှ တစ်ဆင့်ဓာတ်အား ရယူရာတွင် ၎င်းဒေသ၏ဓာတ်အားပေးနိုင်မှုအခြေအနေ၊ ဓာတ်အားခ နှုန်းထား၊ ဓာတ်အားလိုင်းတည်ဆောက်ပေးနိုင်မှုများကို ညှိနှိုင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့်၊ မြို့မီးလင်းရေး ကော်မတီတို့ နယ်စပ်ဓာတ်အားရယူရေးအတွက် ညှိနှိုင်းရရှိပါကဆောင်ရွက်ခွင့်ပြုပေးနိုင်ပါတယ်။ အလားတူဆောင်ရွက်မှုမျိုးပင် မြဝတီတွင် ဒေသအာဏာပိုင်များနှင့် မြို့မီးလင်းရေးကော်မတီ တိုက်ရိုက်ညှိနှိုင်း၍ ဓာတ်အားရယူထားမှုရှိပါတယ်။ စတုတ္ထမေးခွန်းအတွက် တမူးမြို့သည် မဟာဓာတ်အားလိုင်းများနှင့် ဝေးကွာတဲ့အတွက် လက်ရှိအနေအထားအရ မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားပေးနိုင်မည့် အခြေအနေမရှိသေးပါ။ နောက်ဆုံးမေးခွန်းအတွက် တမူးမြို့အနီးတွင် ဝန်ကြီးဌာနများရဲ့လေ့လာထားရှိမှုများအရ အကြီးစားနှင့်အလတ်စား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သောနေရာမတွေ့ရှိသေးပါဘူး။ အသေးစားရေအားလျှပ်စစ်ကိုတော့ ထုပ်လုပ်ရရှိနိုင်ပါတယ်။ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်မှုကို တိုင်းဒေသကြီးအစိုးရနှင့် ဒေသအာဏာပိုင် အစီအစဉ်များဖြင့် ဆောင်ရွက်ရမှာဖြစ်ပါကြောင်းနှင့်လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာများကို ဝန်ကြီးဌာနမှကူညီပံ့ပိုးပေးမည် ဖြစ်ပါကြောင်းဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရွှေကူမြို့နယ်၊ တောပုန်းကျေးရွာအုပ်စုသို့ လျှပ်စစ်မီး ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင် (ရွှေကူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါးချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပြီးနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဖြစ်ပါတယ်။ ကချင်ပြည်နယ် ရွှေကူမြို့နယ် တောပုန်းကျေးရွာအုပ်စု လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ် ရွှေကူမြို့နယ် တောပုန်းကျေးရွာအုပ်စုသည် ယခင်မြို့နှင့် နှစ်မိုင်ခန့်ကွာဝေးသော်လည်း ယခုအခါတွင် မြို့ကွက်တိုးချဲ့ခြင်းကြောင့် မြို့နှင့် တစ်ဆက်တစ်ဆက်တည်းရှိသော ကျေးရွာအုပ်စု အဖြစ်သို့ရောက်ရှိလာပါသည်။ တောပုန်းကျေးရွာအုပ်စု တောပုန်းရွာတွင် အိမ်ခြေ ၅၀၀ ကျော်နှင့် လူဦးရေ ၄၀၀၀ ကျော်ခန့်အပြင် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းရှိသော ကျေးရွာအုပ်စုတစ်ခုဖြစ်ပါသည်။ ရွှေကူမြို့နယ်သည် ယခုအခါ ၂၄နာရီ မီးရရှိသော်လည်း တောပုန်းကျေးရွာမှ ပြည်သူများသည် ယနေ့အထိ လျှပ်စစ်မီးမရရှိသေးကြောင်း တောပုန်းကျေးရွာအုပ်စုမှ ဆရာတော်များနှင့် ပြည်သူတို့က တင်ပြတောင်းဆိုလာပါတယ်။ သို့ဖြစ်ပါ၍ တောပုန်းကျေးရွာအုပ်စုသို့ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဇော် (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ထပ်မံဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးမြင့်ဇော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရဲ့မေးခွန်းနှင့် ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ တောပုန်းကျေးရွာအုပ်စုဟာ ရွှေကူမြို့မှ ၂ မိုင်ခန့် အကွာမှာ တည်ရှိပါတယ်။ တောပုန်း၊ မြောက်ရွာ၊ တောင်ကုန်း၊ ပင်စင်ကုန်း၊ တူးချောင်း၊ ရွှေဂူကုန်း၊ ရေပုံကြီး၊ ရေပုံလေးစသော ကျေးရွာများဖြင့် တောပုန်းကျေးရွာအုပ်စုကိုဖွဲ့စည်းထားရှိခြင်း ဖြစ်ပါတယ်။ ရွှေဂူကုန်း၊ ရေပုံကြီး၊ ရေပုံလေး စတဲ့ရွာများဟာ ယခင်ကတည်းက လျှပ်စစ်ဓာတ်အားရရှိပြီးဖြစ်ပါတယ်။ တောပုန်းကျေးရွာ အုပ်စုအတွင်း မီးလင်းရန်ကျန်ရှိတဲ့ တောပုန်းမြောက်ရွာနှင့် တောင်ကုန်းကျေးရွာများကို ဓာတ်အားပေးရန်အတွက် ရွှေကူမြို့မှ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၁၅၀၀ ပေ တိုးချဲ့ တည်ဆောက်ခြင်း၊ ၁၁.၄

ကေဗွီ ၃၁၅ ကေဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တူးချောင်းနှင့် ပင်စင်ကုန်းကျေးရွာသို့ ၁၁ ကေဗွီလိုင်းဖြင့် ဓာတ်အားပေးရန်အတွက် ရွှေကူမြို့မှ တောပုန်းကျေးရွာသို့ဆွဲမယ့် ၁၁ ကေဗွီအေ ဓာတ်အားလိုင်းကနေပြီးတော့ ၁၁ ကေဗွီဓာတ်အားလိုင်း ပေ၁၀၀၊ ၁၁.၄ ကေဗွီ ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် အဆိုပါထရန်စဖော်မာမှ ရွာနှစ်ရွာကို ၄၀၀ ဗို့ ဓာတ်အားလိုင်းမိုင်ဝက်စီ တည်ဆောက်ရမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတစ်ဝှမ်းလုံးလျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးနိုင်ရန်မှာ မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများကို ဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းပါ ကျေးရွာအတွက် စောလျှင်စွာလျှပ်စစ်ဓာတ်အားရရှိရန်အတွက် အခြားကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်ခဲ့ကြတဲ့ ကျေးရွာများနည်းတူ ဒေသအာဏာပိုင်များနှင့်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အကြံပြုအပ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ မူဘောင်သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးသွားမှာဖြစ်ပြီး လိုအပ်သောနည်းပညာများလည်း ပံ့ပိုးကူညီပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**တနင်္သာရီမြို့နယ်အတွင်း မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးရန်၊ ကွမ်းသီးစိုက်ပျိုးသော ဥယျာဉ်ခြံတောင်သူများအား သင့်လျော်သည့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီမဲဆန္ဒနယ်မှ ဦးယုံဘီး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးယုံဘီး (တနင်္သာရီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းနှင့် ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယုံဘီး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့အချက်ကတော့ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်အတွင်းမှာ လယ်ယာဖွံ့ဖြိုးရေးဘဏ်တစ်ခု ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ ဆိုတဲ့အကြောင်းလေးကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တနင်္သာရီမြို့နယ်သည် မြိတ်ခရိုင် တနင်္သာရီမြို့နယ်ထဲမှာ ၂၈၀၃၉.၂၆ ဧက ကျယ်ဝန်းပြီး လူဦးရေ ၁၁၀၀၄၈ ဦးနေထိုင်လျက်ရှိပါတယ်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်း မှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါတယ်။ မြို့နယ်အတွင်း အသားတင်စိုက်ပျိုးနိုင်သော မြေဧကမှာ ၁၀၉၁၉၀ ဧကရှိပြီး လယ်မြေမှာ ၃၂၀၀၀ စိုက်ပျိုးဧကရှိပါတယ်။ ဥယျာဉ်မြေကတော့ ၇၂၇၅၂ ဧက၊ တောင်ယာကတော့ ၃၈၈၄ ဧက၊ ကိုင်းကျွန်းကတော့ ၃၄၃ ဧကနှင့် ခနိမြေ ၁၁၁ ဧကကို စိုက်ပျိုးလုပ်ကိုင်ပြီး ဥယျာဉ်စိုက်ပျိုးခြင်းလုပ်ငန်း၊ လယ်စိုက်ပျိုးခြင်းလုပ်ငန်းများကို အများဆုံးလုပ်ကိုင်ကြောင်းကို တင်ပြအပ်ပါတယ်။ တနင်္သာရီမြို့နယ်အတွင်း လယ်မြေများမှာ ချောင်းများ၊ အနီး ပတ်ဝန်းကျင်တွင် တောင်များ၊ လျှို့များကြားတွင်သာ ဖြစ်ပါတယ်။ နှစ်စဉ် တနင်္သာရီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်သဖြင့် မိုးစပါးကို

အကြိမ်ကြိမ်ပြန်လည်စိုက်ပျိုးရခြင်း နစ်များကများပါတယ်။ ရေကျနောက်စိုက်ဖြစ်ရတဲ့အတွက် ပျိုးသစ်မမှန်ခြင်း၊ ကြဲပက်စိုက်ပျိုးရခြင်းကြောင့် မြေဩဇာ အကြိမ်ကြိမ်ကျွေးသော်လည်း စပါးအထွက်နှုန်းလျော့နည်း၍ မိုးစပါး မြေဩဇာဖိုးအတွက် ကြိုတင်သီးနှံများ ရောင်းချရခြင်း၊ ပေါင်နှံရခြင်းစသည့်များ တောင်သူများမှာ စိုက်ပျိုးချိန်တွင် ငွေကြေးအခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်ကြရပါတယ်ခင်ဗျား။ နိုင်ငံတော်အနေနဲ့ လယ်စပါးတစ်ဧကလျှင် ၅၀၀၀၀ ကျပ်နှုန်းဖြင့် ထုတ်ချေးနေသော်လည်း တနင်္သာရီမြို့နယ်တွင် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမရှိခြင်းတို့ကြောင့် မြိတ်ဘဏ်ခွဲမှ လာရောက်ထုတ်ချေးသည့် အချိန်မှာသာရရှိကြပါတယ်။ ငွေထုတ်ချေးရတွင်လည်း နောက်ဆုံးမှ ငွေရရှိသဖြင့် ငွေအရနည်းခြင်း၊ ငွေအပြည့်အဝမရခြင်းများ တွေ့ရှိရပါတယ်ခင်ဗျား။ တနင်္သာရီမြို့နယ် အတွင်းကျေးရွာအုပ်စု ၂၁အုပ်စုရှိသော်လည်း ကျေးရွာအုပ်စု ၈ အုပ်စုမှသာ တောင်သူအနည်းငယ်သာ ငွေရရှိကြောင်း သိရပါတယ်။ ယခုနှစ်တွင် ၁၃-၈-၂၀၁၂ ရက် နေ့ ငွေချေးနိုင်တဲ့တောင်သူ ၆၄၈ ဦး သည် စိုက်ဧက ၄၃၄၀အတွက် ချေးငွေ ရငွေမှာ ၂၁၇၀ သိန်း ရရှိသဖြင့် မြို့နယ်စိုက်ဧကပေါ်တွင် ၃၁ ရာခိုင်နှုန်းသာ ငွေချေးရရှိခဲ့ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီမြို့နယ်အတွင်းမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဖွင့်ပေးနိုင်ပါက တနင်္သာရီမြို့နယ်မှ တောင်သူလယ်သမားများသည် ပိုမိုစိုက်ပျိုးနိုင်ပြီး ဝင်ငွေပိုမိုလာမှာ ဖြစ်တဲ့အတွက် ဆင်းရဲမွဲတေမှုများလျော့ပါးလာမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒုတိယအချက်အနေနဲ့လည်း တနင်္သာရီမြို့နယ်အတွင်းမှာ ကွမ်းသီးစိုက်ပျိုးဧကမှာလည်း ၁၀၂၄၀ ဧကရှိပြီး နှစ်စဉ်ပိဿာချိန် ၄၆၀၈၀၀၀ ပိဿာခန့် ထွက်ရှိပါတယ်။ ကွမ်းသီးစိုက်တောင်သူများမှာလည်း ဥယျာဉ်ခြံလုပ်ငန်းများအတွက် နိုင်ငံတော်ချေးငွေ မရရှိသဖြင့် မြေဩဇာဖိုး၊ ဆေးဖိုးနှင့်သီးနှံဆွတ်ခူးခ၊ အခွံခွာခနှင့် ထုတ်ပိုးခနှင့် နေလှန်းခများအတွက် ရာသီမတိုင်မီသီးနှံ ကြိုတင်ရောင်းချကြရသည်။ ထို့ကြောင့် ထိုရောင်းချရသည့် ကွမ်းသီးတစ်လုံးလျှင် ကြိုတင်ငွေ ၄ ကျပ်၊ ၅ ကျပ်သာရရှိပြီး သီးနှံပေါ်ချိန်တွေမှာတော့ ဈေးနှုန်းက ၁၃ ကျပ်၊ ၁၅ ကျပ်ထိ ဈေးနှုန်းရရှိသဖြင့် ကြိုတင်ရောင်းချရသော ဥယျာဉ်ခြံစိုက်တောင်သူများမှာလည်း ရင်းနှီးငွေမရှိသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုမရှိဘဲ ငွေကြေးပြည့်စုံသူတို့၏ အကြွေးဖြင့်သာ နှစ်စဉ်နှစ်သထက်နစ်လျက် ရှိပါတယ်။ ဒါကြောင့်မို့ တနင်္သာရီမြို့နယ်အတွင်းမှ တောင်သူလယ်သမားများအတွက် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေအလုံအလောက်ထုတ်ပေးနိုင်ရန်အတွက် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲတစ်ခုကို ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ ကို သိလိုကြောင်းပါခင်ဗျား။ ရှိလျှင်ဆိုရင်လည်း မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးနိုင်မည်ကို သိလိုပါတယ်။ ကွမ်းသီးစိုက်တောင်သူများမှာလည်း သီးနှံအတွက် စိုက်စရိတ်များ၊ ချေးငွေများ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲမှ ထုတ်ချေးပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ သိလို၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။
(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒုတိယဝန်ကြီးများ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဒုတိယဝန်ကြီးဦးခင်ဇော် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယုံဘီး၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ တနင်္သာရီမြို့နယ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတစ်ခုဖွင့်လှစ်ရန် အစီအစဉ်ရှိ၊ မရှိဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လတ်တလောအနေဖြင့် တနင်္သာရီမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၁ အုပ်စုရှိသည့်အနက် ၈ အုပ်စုကို မြိတ်ဘဏ်ခွဲမှငွေများ သွားရောက်ထုတ်ချေးပေး လျက်ရှိပါတယ်။ ယခင်က ကျေးရွာအုပ်စု ၂ အုပ်စုသာ ထုတ်ချေးပေးခဲ့ရာမှ ယခု ၈ အုပ်စုသို့ တိုးတက် ထုတ်ချေးပေးလျက်ရှိပါတယ်။ လာမယ့် ၂၀၁၃ မိုးချေးငွေအတွက် သာရဖုံနှင့်ပဝကျေးရွာအုပ်စုများမှလည်း ငွေချေးရန် မြိတ်ဘဏ်ခွဲနှင့်ဆက်သွယ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကျန်သည့်ကျေးရွာအုပ်စုများလည်း ငွေချေးရန်ဆက်သွယ်လာပါက မြိတ်ဘဏ်ခွဲမှ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ချေးငွေများ ထုတ်ချေးရာတွင်လည်း မြိတ်မြို့နယ်သို့ သွားရောက်ထုတ်ချေးရခြင်း မဟုတ်ဘဲ တနင်္သာရီမြို့နယ် အတွင်းသာ ချေးငွေရရှိရေး အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါ၍ လောလောဆယ်အနေဖြင့် ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်သည့် ကွမ်းသီးစိုက်ပျိုးသော ဥယျာဉ်ခြံတောင်သူများအား သင့်လျော်သော စိုက်စရိတ်ချေးငွေ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သည့် စပါး သီးနှံကို ဦးစားပေးအနေဖြင့် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပါတယ်။ ၂၀၁၂ ခုနှစ် ဆောင်းချေးငွေတွင် နွေစပါးသီးနှံ တစ်ဧကလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ပါတယ်။ ပဲမျိုးစုံအပါအဝင် အခြားသီးနှံများကိုမူ တစ်ဧကလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပါတယ်။ အခြားသီးနှံအမယ်အသစ်များနှင့် နှစ်ရှည်သီးနှံများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လောလောဆယ်ထုတ်ချေးပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မာန်အောင်ကျွန်း၏ အနောက်မြောက်ဘက်ရှိ ဖျိုင်းတောင်၊ ဘုန်ကြီးတောင်နှင့် ကြပ်တောင်ချေင်းများ၊ အနောက်တောင်ဘက်ရှိ ခမောင်တောင်နှင့် ပုလဲငူတောင်ချေင်းတို့၌ ဆည်တစ်ခုတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းခါညောင်းကြပါစေလို့ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမယ့်ကိစ္စကတော့ မာန်အောင်ကျွန်း အရင်တုန်းကတော့ ဘင်္ဂဝတီလို့ခေါ်ပါတယ်။ မိုးများတဲ့ဒေသ ဝတီ ၄ ရပ်မှာ တစ်ခုပါတဲ့

အတွက်ကြောင့် လူဦးရေအားဖြင့် ၁ သိန်းကျော်ရှိပါတယ်။ ဒါပေမယ့် နှစ်စဉ်နှစ်စဉ် ရွာတဲ့မိုးရေချိန်ဟာ ၂၀၀ ကျော် ၂၀၀ လက်မ ရွာသွန်းလေ့ရှိပေမယ့်လည်း မတ်လ၊ ဧပြီလ၊ မေလ အဲဒီ ၃ လမှာ ကျွန်းသူကျွန်းသား တွေဟာ တစ်ဝက်နည်းပါးလောက် သောက်သုံးရေအခက်အခဲနှင့် အမြဲလိုပဲကြုံတွေ့နေရတဲ့အကြောင်းကို တင်ပြသွားမှာဖြစ်ပါတယ်။ အဲဒီ သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရတဲ့ကျေးရွာများကို နှစ်စဉ်မြို့မိ မြို့ဖများ၊ မဝတအဖွဲ့၊ ပြည်ခိုင်ဖြိုးအဖွဲ့၊ လူငယ်အဖွဲ့တို့ ပူးပေါင်းပြီးတော့ မြို့ပေါ်ရပ်ကွက် ၅ ရပ်ကွက်မှာ အလှူခံတယ်။ လိုင်းကားများနှင့် ထော်လာဂျီကားများကို ငှမ်းရမ်းပြီးတော့ ရေစည်များ၊ ပလပ်စတစ်ပုံးများဖြင့် ပို့ဆောင်ပေးပေမယ့် အားလုံး လုံလုံလောက်လောက် မရကြပါဘူး။ ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် ပိုပြီးတော့ အခက်အခဲတွေ့နေရပါတယ်။ အခုလို နှစ်စဉ်တွေ့နေရတဲ့ သောက်သုံးရေပြဿနာကို အဖက်ဖက်ကစဉ်းစား ပြီးတော့ဆောင်ရွက်ကြပါတယ်။ အဝီစိတွင်းတူးပါတယ်။ ရေကန်ပတ်လည် ဝိုင်းထားတဲ့ကျွန်းဆိုလို့ ထွက်လာ တဲ့ရေက အငန်ဓာတ်ပါလာပါတယ်။ သောက်သုံးလို့မရပါဘူး။ တဖန် ကျေးရွာလူထုလုပ်အားနဲ့ ရေကန်တွေတူး ပါတယ်။ ၁၀ ပေအနက် လေးထောင့်ပတ်လည် ၁၀၀ ပေ တူးပေမယ့် ရေက ဒီဇင်ဘာလ၊ ဇန်နဝါရီလလောက် ထိတော့နေပါတယ်။ ပြီးရင် ရေကခမ်းသွားပါတယ်။ စက်ယန္တရားတွေနဲ့ တူးဖော်နိုင်ရင်တော့ ဒီထက်နက်နက် တူးနိုင်မယ်ဆိုရင်တော့ ရေအားလုံး ခမ်းမသွားနိုင်ဘူးလို့ ယူဆရပါတယ်။ ရွာသွန်းတဲ့မိုးရေကို စနစ်တကျ ထိန်းသိမ်းသိုလှောင်ဖြန့်ဖြူး ပေးနိုင်မယ်ဆိုရင်တော့ သောက်သုံးရေ ဒုက္ခကလွတ်မြောက်သွားမှာ အမှန်ပဲဖြစ် ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဆီ ရွာသမျှမိုးရေဟာ ဆန်စပါးစိုက်ပျိုးရေးအတွက် အသုံးချ၍ရပေ မယ့် ကျန်တဲ့မိုးရေများမှာ မြစ်ချောင်းများကတစ်ဆင့် ဘင်္ဂလားပင်လယ်ထဲကိုပဲ အလဟဿ စီးဝင်သွားပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ အခြေအနေကိုပေါ်လွင်အောင် တင်ပြရပါတယ်။ ကျွန်တော်တို့ အခြေအနေဟာ ဖောင်စီးရင်း ရေငတ်နေသလို ပေးကပေး၏မဝ။ ကျွေးကကျွေး၏ မဝ။ ပေးကပေး၏မရ။ မြင်သာမြင် မကြင်ရ တို့ဘဝ ဆိုသလို မိုးအလွန်ကောင်းပေမယ့် နွေရာသီမှာ ရေဒုက္ခရောက်နေကြပါတယ်။ သို့သော်လည်း ဒီကနေ့ ကြိုးစားအောင်မြင်မှုကြောင့် ကျွန်းသူကျွန်းသားတွေဟာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဆောင်ရွက်ပေးမှု လယ်ထွန်စက်များရောက်လာပြီးတော့ စက်မှုလယ်ယာပြုလုပ်လိုက်တာ ဒီကနေ့ဆိုရင် စပ်မျိုးစပါး ဧက ၁၃၀ ကျော် စိုက်ပျိုးအောင်မြင်ခဲ့ပါတယ်။ အထွက်လည်းတိုးပါတယ်။ အရင်ကပျမ်းမျှ တစ်ဧက ၃၅ တင်းထွက်နေရာက အခုဆိုလို့ရှိရင် ၇၅ တင်း၊ ၈၀ တင်း ထွက်လာပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သောက်သုံးရေ အပြည့်အဝရရှိရေးအတွက် ကျွန်တော်တို့ရဲ့ကျွန်း အနောက်မြောက်ဘက်မှာရှိတဲ့ ဖျိုင်းတောင်၊ ဘုန်ကြီးတောင်နှင့် ကြပ်ခြေတောင် တောင်ခြေရင်းတွေမှာ ရေထိန်းဆည်တစ်ခု ဆောက်လုပ်ပေး ဖို့နဲ့ ဖြစ်နိုင်ပါက ကျွန်းရဲ့အနောက်တောင်ဘက်မှာရှိတဲ့ အမြောက်တပ်တည်ရှိရာ ခမောင်တောင်နှင့် ပုလဲငူ တောင် တောင်ခြေရင်းတွေမှာလည်း ဆည်တစ်ခုဆောက်လုပ် ပေးမယ်ဆိုလို့ရှိရင် သောက်သုံးရေ လုံလောက်မယ့်အပြင် ပိုလျှံနေတဲ့ရေပိုများကိုလည်း ရာသီနဲ့လိုက်ပြီးတော့ သီးနှံများစိုက်ပျိုးဖြစ်ထွန်းအောင်မြင် လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ အောက်ပါမေးခွန်း ၃ ခုကိုမေးလိုပါတယ်။ (၁) ဖျိုင်းတောင်၊ ဘုန်းကြီးတောင်နှင့် ကြပ်ခြေတောင် တောင်ခြေရင်းတွေမှာ ရေထိန်းဆည်တစ်ခုတည်ဆောက်ပေးနိုင်ခြင်း ရှိ၊မရှိ။ (၂) ခမောင်တောင်နှင့် ပုလဲငူတောင် တောင်ခြေရင်းတွေမှာ ရေထိန်းဆည်တစ်ခု ထပ်မံတည်ဆောက်

ပေးနိုင်ခြင်းရှိမရှိ။ (၃) အထက်ပါ ဆည် ၂ ခုကို တည်ဆောက်ပေးမယ်ဆိုပါက မည်သည့်အချိန်ကာလတွင် အပြီးတည်ဆောက် ပေးနိုင်မည်ကို သိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်ဇော်မှ ဆက်လက်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မြို့နယ်သည် နှစ်စဉ်မိုးရေချိန်လက်မ ၂၀၀ ကျော် ရွာသွန်းလေ့ရှိသော်လည်း နွေရာသီတွင် သောက်သုံးရေရှားပါးမှုရှိကြောင်း မိုးရာသီအတွင်း ရွာသွန်းခဲ့သော မိုးရေများကို ရေလှောင်တမံ၊ လျှိုပိတ်ဆည်များ တည်ဆောက်ပြီး စနစ်တကျသိုလှောင်ထိန်းသိမ်း၍ သောက်သုံးရေအတွက် အသုံးပြုခဲ့ရပါတယ်။ ရခိုင်ပြည်နယ်အတွင်း သောက်သုံးရေရှားပါးသော ဒေသများတွင် သောက်သုံးရေရရှိရေးနှင့်နွေစပါး စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် ရေလှောင်တမံငယ်၊ လျှိုပိတ်ဆည်များကို အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ရန်အတွက် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါတယ်။ မြို့နယ် ၁၁ မြို့နယ် အတွင်း လျှိုပိတ်ဆည် ၃၁ ခုကို ဆောင်ရွက်ပေးနိုင်ကြောင်း တွေ့ရှိရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ မေးခွန်းပါ မာန်အောင်ကျွန်း၏ အနောက်မြောက်ဘက်ရှိ ဖျိုင်းတောင်၊ ဘုန်းကြီးတောင်နှင့် ကြပ်တောင်များ တောင်ခြေရင်းရှိ ငပုန်ကုန်းကျေးရွာအုပ်စုတွင် ကြပ်တောင်လျှိုပိတ်ဆည်ကိုလည်းကောင်း၊ ခမောက်တောင် (ကိုမောက်တောင်)နှင့် ပုလဲငူတောင်ခြေရင်းရှိ မိမ္မကွယ်ကျေးရွာအနီးတွင် မိမ္မကွယ်လျှိုပိတ်ဆည်ကို လည်းကောင်း တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း ပဏာမ စူးစမ်းလေ့လာတွေ့ရှိရပါတယ်။ လျှိုပိတ်ဆည်များ တည်ဆောက်ပေးနိုင်ရေးအတွက် အသေးစိတ်စူးစမ်း လေ့လာမှုများဆောင်ရွက်ခြင်း၊ ဒီဇိုင်းပုံစံများ ရေးဆွဲခြင်းနှင့် ခန့်မှန်းခြေစာရင်းအလိုက်တွက်ချက်ပြီး ဆောင်ရွက်ပြီးပါက လိုအပ်တဲ့ရန်ပုံငွေများကို တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ပြည်နယ်၊ အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ လုပ်ငန်းများကို ဦးစားပေးအစီအစဉ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေရှင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**နိုင်ငံတော်၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမှာ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုဦးဆောင်စီးပွားရေးကဏ္ဍ (leading Sector)အဖြစ်သတ်မှတ်ပြီးတော့ ယခုထက် အရှိန်အဟုန်မြှင့်တင်ပြီးတော့ ဘက်စုံကဏ္ဍစုံ ကနေ တွန်းအားပေးဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရကိုတိုက်တွန်းကြောင်းအဆို**

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်၏ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကာလမှာ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဦးဆောင်စီးပွားရေး ကဏ္ဍ (leading Sector)အဖြစ်သတ်မှတ်ပြီးတော့ ယခုထက် အရှိန်အဟုန်မြှင့်တင်ပြီးတော့ ဘက်စုံကဏ္ဍစုံ ကနေ တွန်းအားပေးဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆို တင်သွင်းမှာဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံတော်မှာ ခေတ်အဆက်ဆက် အစိုးရ အသီးသီးဟာ ဒီလယ်ယာကဏ္ဍကို အခုလိုပဲ ဦးဆောင်ကဏ္ဍအနေနဲ့ လုပ်ခဲ့ကြတာတွေ့ရမှာဖြစ်ပါတယ်။ ယနေ့လည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ အလားတူဆောင်ရွက်နေမှာပဲ ဖြစ်ပါတယ်။ သို့သော် စီးပွားရေး ဖွံ့ဖြိုးမှုတိုးတက်မှုကို ကြည့်မယ်ဆိုရင် အခြေခံကျတဲ့ကဏ္ဍ ၃ ခုရှိပါတယ်။ (၁)က စက်မှုလက်မှုကဏ္ဍ ဖြစ်ပါ တယ်။ (၂)က လယ်ယာကဏ္ဍဖြစ်ပါတယ်။ (၃) က ဝန်ဆောင်မှုကဏ္ဍဖြစ်ပါတယ်။ ဒီကဏ္ဍ ၃ ရပ်မှာ စီးပွားရေး နိမ့်ကျတဲ့နိုင်ငံတွေဟာ လယ်ယာကဏ္ဍကဦးစားပေးပြီးတော့ စက်မှုလက်မှုဟာ ဒုတိယတန်းမှာ ရှိပြီးတော့ ဝန်ဆောင်မှုကဏ္ဍဟာ တတိယတန်းမှာ ရှိပါတယ်။ စင်္ကာပူလို နိုင်ငံမျိုးကျတော့ ဝန်ဆောင်မှုက ထိပ်ဆုံးမှာရှိပြီး တော့ စက်မှုလက်မှုကဏ္ဍဟာ ဒုတိယရှိပြီး စိုက်ပျိုးရေးကဏ္ဍဟာ တတိယကို ရောက်သွားတာတွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကဏ္ဍ ၃ ခု အနက် သတ်မှတ်ထားတဲ့ အဆင့် ၅ ဆင့်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ အနေအထားသည် ယနေ့ အဆင့်၊ ၅ မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ခေတ်အဆက်ဆက်က သတ်မှတ်ခဲ့တဲ့ လယ်ယာကဏ္ဍကို ကာလအခြေအနေနဲ့ leading Sector သတ်မှတ်ဖို့ တင်သွင်းခြင်းမဟုတ် ပါဘူး။ ကျွန်တော်တို့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလမျိုးမှာ တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှု အားနည်း နေတဲ့အခါမှာ ဒါကို ဆောင်ရွက်ပေးဖို့ တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ လယ်ယာစိုက်ပျိုးရေးကဏ္ဍဟာ မြန်မာနိုင်ငံရဲ့စီးပွားရေးမှာ အခြေခံအကျဆုံး ဖြစ်ပြီးတော့ လယ်ယာစိုက်ပျိုးရေးကဏ္ဍနဲ့ဆက်စပ်နေတဲ့ လူဦးရေအရပဲ ကြည့်ကြည့်၊ထုတ်လုပ်မှုအရပဲ ကြည့်ကြည့် ပြန်လည်ထုတ်လုပ်နိုင်တဲ့ကုန်စည်များရဲ့ ပြည်ပပို့ကုန်တန်ဘိုးအရပဲ ကြည့်ကြည့်၊ မြန်မာနိုင်ငံအတွက်တော့ စိုက်ပျိုးရေးကဏ္ဍဟာ ယနေ့အချိန်အထိ အရေးပါဆဲဖြစ်ပါတယ်။ ဒီနေရာမှာ တချို့ပညာရှင်တွေက လယ်ယာ စိုက်ပျိုးရေးကဏ္ဍကို ဦးဆောင်စီးပွားရေးကဏ္ဍအနေနဲ့ သတ်မှတ်သလို အချို့ပညာရှင်တွေက သတ်မှတ်လို့ မဖြစ်နိုင်တော့ဘူးလို့ သဘောထားကွဲပြားမှုတွေ ရှိနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ သတ်မှတ်လို့ မဖြစ်နိုင်ဘူးလို့ မြင်ရှိတဲ့အုပ်စုကို လေ့လာကြည့်ရင် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ရှေးယခင်ကာလများက

အခြေခံစီးပွားရေးကဏ္ဍအနေနဲ့ သတ်မှတ်ဆောင်ရွက်ခဲ့ကြပေမယ့်လို့ အောင်မြင်မှုမရရှိခဲ့တာတွေကို ထောက်ပြကြပါတယ်။ အမှန်တကယ်တော့ ဒီကာလတွေမှာ စီးပွားရေးမူဝါဒတွေ၊ ပြည်သူတွေရဲ့တင်ပြချက်တွေမှာ စကားလုံးအရသာ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဦးစားပေးကဏ္ဍအဖြစ် စိတ်ကူးယဉ်သတ်မှတ်ခဲ့ပြီးတော့ အမှန်တကယ်လက်တွေ့မှာတော့ လွဲချော်တဲ့အချက်တွေကြောင့် မအောင်မြင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီကာလတွေကို ပြန်ပြောင်းလေ့လာကြည့်ရင် ၁၉၆၅ ခုနှစ်မှာ စတင်ခဲ့တဲ့ ဒီမူဝါဒတွေမှာ အပြောနဲ့ အလုပ်လွဲမှားပြီး ၁၉၆၅ ခုနှစ်ကနေ ၁၉၈၇ ခုနှစ်အထိ နိုင်ငံတော်အစိုးရရဲ့ သီးနှံတာဝန်ကျေသတ်မှတ်ပြီး လယ်သမားများထံမှ ဈေးနိမ့်ဝယ်ယူတာတွေ၊ လယ်ယာထွက်ကုန်သီးနှံများကို ပုဂ္ဂလိကရောင်းချခွင့်နဲ့ ပြည်ပတင်ပို့မှုတွေကို တားမြစ်ခဲ့တာကြောင့် လယ်သမားများစွာ ဆုံးရှုံးနစ်နာခဲ့ရတာကို တွေးရမှာဖြစ်ပါတယ်။ ဒို့အပြင် စိုက်ပျိုးထုတ်လုပ်သူများရရှိတဲ့ဈေးနှုန်းနဲ့ ဈေးကွက်ပေါက်ဈေးကို ကွာဟမှုကြီးမားစွာ ထားရှိသတ်မှတ်ပြီးတော့ နိုင်ငံတော်အရင်းအနှီးတည်ဆောက်မှုအတွက် အကြောင်းပြပြီး လယ်သမားများရရှိတဲ့ငွေကနေ ရုံပုံငွေများအနေနဲ့ ထုတ်ယူခဲ့ကြတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ သို့ပါသော်လည်း နိုင်ငံရေးတည်ငြိမ်မှုအတွက် ဆောင်ရွက်နေရခြင်း၊ စီမံကိန်းများဟာ လက်တွေ့မှာ လွဲချော်နေခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်းနဲ့ တာဝန်ယူအကောင်အထည်ဖော်သူတို့ရဲ့ အကျင့်ပျက်ကိုယ်ကျိုးရှာမှု များပြားခြင်းကြောင့် နိုင်ငံတော်အရင်းအနှီးတွေ လေလွင့်ဆုံးရှုံးခဲ့ရပြီး အကျိုးသက်ရောက်မှုအနေနဲ့ လယ်ယာကဏ္ဍထုတ်လုပ်မှုစွမ်းဆောင်ရည်များစွာ ကျဆင်းခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ်သာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မယ်ဆိုရင် တိုင်းပြည်စီးပွားရေးတိုးတက်မှုအနေနဲ့ အထောက်အကူပြုမှာ အများကြီး ဖြစ်ပါတယ်။ အထောက်အကူပြုမယ့်အချက်တွေကတော့ များစွာသော ၇၀ ရာခိုင်နှုန်းကျော်တဲ့ လူဦးရေပေါ်မှာ အကျိုးသက်ရောက်မှု ဖြစ်စေမှာဖြစ်ပါတယ်။ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဖိတ်လျှံတဲ့ အကျိုးစီးပွားတွေ သက်ရောက်စေမှာဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ပြန်လည်ထုတ်လုပ်နိုင်တဲ့ ကုန်စည်မျိုးဖြစ်တဲ့အတွက်ကြောင့် ရေရှည်မှာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားကိုးနိုင်မယ့်ကိစ္စ ဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ လယ်ယာကဏ္ဍရဲ့ ပိုလျှံနေတဲ့လုပ်သားတွေကို အလုပ်အကိုင်သစ်များ ဖန်တီးပေးလာနိုင်ခြင်းနဲ့ စက်မှုထူထောင်ရေးလုပ်ငန်းတွေမှာ အသုံးပြုလာနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ အနာဂတ်မှာ စိုက်ပျိုးရေးပို့ကုန်တွေအတွက် ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ရောင်းချလာနိုင်မှာ ဖြစ်ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ စားနပ်ရိက္ခာရှားပါးမှုကို အတိုင်းအတာတစ်ခုအထိ ပံ့ပိုးကူညီဆောင်ရွက်ပေးမှာကို တွေ့ရမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍ တိုးတက်လာခြင်းဟာ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကစွမ်းဆောင်နိုင်မှာဖြစ်သလို နိုင်ငံတော်ရဲ့လွန်စွာကြီးမားတဲ့ မြို့ပြအလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းကိုလည်းအများကြီး အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာမှာ တချို့ကိစ္စတွေကျတော့ ဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်လို့မရဘဲ အခြားဌာနများကလည်း ကူညီကြမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့တင်ပြရရင် ကျွန်တော်တို့ နိုင်ငံအနေနဲ့ ယခုအစိုးရသစ်ကာလမှာ မော်တော်ကားများတင်သွင်းတာကို တွေ့ရမှာဖြစ်ပါတယ်။ ကားနံပါတ်တန်းအားလုံး စုစုပေါင်း ၉(က) အထိ အစီးရေပေါင်း ၁၃၀၀၀၀ ကျော် သွင်းခဲ့ပါတယ်။ ဒီလို သွင်းတဲ့အခါမှာ ကားတွေမသွင်းခင်မှာကတည်းက

ကျွန်တော်တို့နိုင်ငံရဲ့ ဈေးကွက်ပျောက်နေတဲ့ ဆန်စပါးကို နားလည်မှုတစ်ခုနဲ့ ရာခိုင်နှုန်းအတိုင်းအတာတစ်ခု အထိ ရောင်းချပေးနိုင်မယ်ဆိုရင် များစွာအဆင်ပြေမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခြားဝန်ကြီးဌာနတွေကလည်း လယ်ယာကဏ္ဍတိုးတက်ဖို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ဖို့လိုမယ်လို့ တွေ့မြင်ရပါတယ်။ လယ်ယာ စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်အနေနဲ့ ရေတိုရေရှည်မူဝါဒတွေကို ယနေ့ နိုင်ငံရေး၊ စီးပွားရေး အခြေအနေများနှင့် လျော်ညီစွာ ပြုပြင်ဆောင်ရွက်ကြဖို့လည်း လိုမှာဖြစ်ပါတယ်။ တစ်ခေတ်တစ်ခါတုန်းကလို လူကြီးကြိုက် လမ်းဘေးဝဲယာဟန်ပြစိုက်ထားတဲ့ တောင်သူများလက်တွေ့မှာ ပံ့ပိုးမှုအားနည်းလို့ မဆောင်ရွက် နိုင်တာတွေ ဒါမျိုးတွေ စီမံတာတွေ ဈေးကွက်မရှိတဲ့ ရေမြေရာသီဥတုအရ မဖြစ်ထွန်းနိုင်တဲ့သီးနှံတွေကို မဖြစ်မနေစိုက်ပျိုးဖို့ ညွှန်ကြားကြပ်မတ်တာတွေကို အထူးရှောင်ရှားရမယ့်ကာလ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာကဏ္ဍကို အမှန်တကယ် လေ့လာရင် အခက်အခဲ ၆ ချက်ရှိ တာကို တွေ့ရမှာဖြစ်ပါတယ်။ ပထမအချက်ကတော့ လုပ်သားများရဲ့ ထုတ်လုပ်မှုစွမ်းအားနှင့် လယ်ယာမြေ၏ ထုတ်လုပ်မှုစွမ်းအားကျဆင်းနေတဲ့ ပြဿနာဖြစ်ပါတယ်။ ဒီပြဿနာဟာ လက်ရှိမြန်မာနိုင်ငံနဲ့ လယ်ယာ စိုက်ပျိုးရေးကဏ္ဍဟာ ဒေသတွင်းမှာရှိတဲ့ ဗီယက်နမ်၊ ထိုင်းနိုင်ငံများနှင့် နှိုင်းယှဉ်လိုက်ရင် တစ်ဧကအထွက်နှုန်း သိသိသာသာ နိမ့်ကျနေရုံသာမကဘဲနဲ့ ထုတ်ကုန်အရည်အသွေးပါ နိမ့်ကျလျက်ရှိပါတယ်။ ဒီလိုဖြစ်ရခြင်းဟာ လယ်ယာမြေပိုင်ဆိုင်မှုပြဿနာ၊ ရာသီအလိုက်အလုပ်လက်မဲ့နှင့် လုပ်သားလိုအပ်မှုပြဿနာ၊ လယ်ယာ ထွက်ကုန်ဈေးနှုန်းများ အာမခံချက်မရှိတဲ့ပြဿနာ၊ ရေရရှိရေးနှင့်ဆည်မြောင်းတာတမံများနဲ့ ရေအခက်အခဲ ပြဿနာ၊ ရေရှည်မှာ လယ်ယာမြေအရည်အသွေးကျဆင်းမှုပြဿနာများနဲ့ ဆက်စပ်နေတာကို တွေ့ရမှာဖြစ် ပါတယ်။ ၎င်းအပြင် ငွေကြေးအရင်းအနှီးမပြည့်စုံမှု၊ လယ်လုပ်ကိရိယာနှင့် ကျွဲနွားမလုံလောက်မှု၊ အထွက်နှုန်း ကောင်းတဲ့ ဈေးကွက်ဝင်သီးနှံများမျိုးကောင်းမျိုးသန့်တွေကို စိုက်ပျိုးခွင့်မရရှိမှုနဲ့ သွင်းအားစုထည့်သွင်းရာမှာ စရိတ်နှင့်ပြန်ရချက်နိမ့်ကျနေခြင်း၊ နည်းပညာချို့တဲ့ခြင်း၊ အရေးပေါ်ရောဂါပိုးမွှားကျရောက်တဲ့အခါမှာ ကုစား နိုင်ဖို့အတွက် မဆောင်ရွက်နိုင်ခြင်း၊ မိသားစုလုပ်ငန်းသဖွယ်သာမန်သဘောနဲ့ ဆောင်ရွက်နေခြင်းများကို တွေ့ရပါတယ်။ ဒုတိယပြဿနာအနေနဲ့ လယ်ယာမြေပိုင်ဆိုင်မှုပြဿနာ ဖြစ်ပါတယ်။ ဒီပြဿနာဟာ ပုဂ္ဂလိက ပိုင်ဆိုင်မှုအခွင့်အရေး၊ လယ်ယာမြေအရည်အသွေးတိုးတက်မှု၊ လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနဲ့များစွာ ပတ်သက် ဆက်နွယ်နေတာကို ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ တတိယပြဿနာအနေနဲ့ ရာသီအလိုက် အလုပ်လက်မဲ့နှင့် အလုပ်သမားလိုအပ်မှုပြဿနာ ဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းဟာ ရာသီအလိုက်သာ လုပ်သားပမာဏအများအပြားလိုအပ်တာဖြစ်ပြီးတော့ အချိန်အခါမရွေး လုပ်သားအများအပြား လိုအပ်ခြင်းမရှိ တဲ့အတွက်ကြောင့် မလိုအပ်တဲ့အချိန်မှာ ပိုလျှံနေတဲ့ဝန်ထမ်းတွေကို ယခင်ရှေးကာလတုန်းက ယက္ကန်းစင် ထောင်ပေးတာတွေ ဒီလိုလုပ်ငန်းတွေမှာ တာဝန်ပေးခဲ့ပါတယ်။ ဒီလိုသာ မလုပ်ပေးနိုင်ရင် အမှန်တကယ် လယ်သမားတွေဟာ လယ်ယာမြေများမှ အပြီးအပိုင်ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ (၄)ပြဿနာကတော့ လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးနှုန်းအာမခံချက်မရှိတဲ့ပြဿနာ ဖြစ်ပါတယ်။ မြန်မာ့စိုက်ပျိုးရေးထွက်ကုန် တွေဟာ ဈေးနှုန်းပြောင်းလဲမှုဒဏ်ကိုများစွာ တွေ့ကြုံခံစားခဲ့ကြရပါတယ်။ ၂၀၀၁-၂၀၀၂ စပါးဈေးနှုန်းကျဆင်းမှု၊ ၂၀၀၆ ခုနှစ်မှာ ခရမ်းချဉ်သီးနဲ့ ကြက်သွန်ဈေးနှုန်းကျဆင်းမှု၊ ၂၀၀၇-၂၀၀၈ မှာ ပဲအမျိုးမျိုးရဲ့ ပို့ကုန်ဈေးကွက်

ပျောက်ဆုံးပျက်စီးမှု ဒါတွေကိုကြုံခဲ့ရပါတယ်။ စိုက်ပျိုးသူတောင်သူတွေဟာ တစ်နှစ်ရှုံးတဲ့အတွက်ကြောင့် ၃ နှစ်လောက် နာလန်မထူနိုင်တော့ဘဲ နိုင်ငံတော်အစိုးရက ဈေးနှုန်းအာမခံချက် သတ်မှတ်ပေးပြီးတော့သီးနှံ ဝယ်ယူ စုဆောင်းသိုလှောင်လို့ ဈေးနှုန်းတည်ငြိမ်အောင် ထိန်းချုပ်ပေးတာမျိုး လုပ်ဖို့လိုပါတယ်။ ဥပမာ-အမေရိကန်နိုင်ငံမှာ ပြည်သူ့ဥပဒေ ၄၈၀ (PI-480)နဲ့ သီးနှံအာမခံချက်ဈေးနှုန်းပေးပြီးတော့ အာမခံဈေးနှုန်း အခြေအနေအရ စိုက်ပျိုးထုတ်လုပ်သူများအနေနဲ့ အာမခံဈေးက နိမ့်ပြီးတော့ အပြင်ဈေးကမြင့်နေရင် ပြင်ပကို ရောင်းစေပါတယ်။ အာမခံဈေးက မြင့်နေပြီးတော့ ပြင်ပဈေးက နိမ့်နေရင် အာမခံဈေးနဲ့ အစိုးရကိုရောင်းတာ လုပ်နိုင်သလို အစိုးရအနေနဲ့လည်း ဒီကုန်များကို သိုလှောင်ပြီးတော့ ပြင်ပဈေးနှုန်းတက်တဲ့အခါမှာဈေးနှုန်း ကျအောင် ရောင်းလိုအားတိုးပေးတဲ့ Buffer Stock လုပ်ပေးတဲ့သဘောမျိုးနဲ့ လုပ်တာကိုတွေ့ရပါတယ်။ အလားတူ အင်္ဂလန်နိုင်ငံမှာလည်း စိုက်ပျိုးရေးကဏ္ဍတိုးတက်မှုကိုဦးစွာ ဆောင်ရွက်ပြီးတော့ သီးနှံဈေးနှုန်း အာမခံပေးတဲ့လုပ်ငန်းတွေကို လုပ်တဲ့အတွက်ကြောင့် စိုက်ပျိုးသူတွေဟာ ဝင်ငွေတိုးတက်လာသလို နိုင်ငံတော် အတွက်လည်း နောင်မှာဖြစ်ပေါ်လာမယ့် စက်မှုနိုင်ငံထူထောင်ဖို့အတွက် များစွာသောအခွင့်အရေးတွေ ရရှိမှာကို တွေ့ရမှာဖြစ်ပါတယ်။ (၅) ပြဿနာအနေနဲ့ ရေရရှိရေးနဲ့ ဆည်မြောင်းပြဿနာ ဖြစ်ပါတယ်။ စိုက်ပျိုးရေ ရရှိရေးကို စနစ်တကျဆောင်ရွက်ပေးနိုင်ရင် ရာသီမရွေး၊ နေရာဒေသမရွေး သင့်တော်တဲ့သီးနှံကို အောင်အောင် မြင်မြင်နဲ့ စိုက်ပျိုးနိုင်ဖို့ အခွင့်အလမ်းရရှိမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနဲ့ အနည်းဆုံးနဲ့ မြစ်ရေတင်စီမံကိန်းတွေကို ကာလတိုအတွင်း အသုံးပြုခွင့်ရရှိအောင် စီးပွားရေးအရတွက်ချက်စီမံပေးဖို့ လိုပါမယ်။ ဒေသများကိုလည်း စနစ်တကျထိန်းသိမ်းနိုင်ဖို့လည်း အရေးကြီးသလို လယ်မြေများ ရေနစ်မြုပ်မှုမှ ကာကွယ်ရေးအတွက်လည်း ဆောင်ရွက်ဖို့လည်းလိုပါမယ်။ နောက်ဆုံး (၆) ပြဿနာအနေနဲ့ မြေယာရဲ့ အရည်အသွေးကျဆင်းမှုပြဿနာဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်ရဲ့ လက်ရှိအခြေအနေမှာ အိမ်နီးချင်းနိုင်ငံများနဲ့ နှိုင်းယှဉ်လိုက်ရင် ဓာတုဗေဒ မြေဩဇာများကို စနစ်တကျမဟုတ်ဘဲနဲ့ အတိုင်းအဆမရှိ အလွန်အကျွံ သုံးစွဲ နေတာ၊ ရေနဲ့လေ တိုက်စားမှုခံနေရတာ၊ သစ်တောတွေပျက်စီးနေတာကြောင့် မြေယာအရည်အသွေးဟာ ယခင်ကာလများထက် များစွာနိမ့်ကျနေတာမို့ ထိရောက်အကျိုးရှိစေမဲ့လုပ်ငန်းများကို ပညာပေးခြင်း၊ မြေယာ အရည်အသွေးစစ်ဆေးတိုင်းတာမှု ဆောင်ရွက်ပေးခြင်း၊ တောင်သူလယ်သမားများအနေနဲ့ မြေယာအပေါ် ဆွဲဆောင်မှုရှိရေးအတွက် ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ဖို့လိုပါမယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ဒီလုပ်ငန်း အောင်မြင်ဖို့အတွက် ရေတို လုပ်ငန်းများအနေနဲ့ (၁) စိုက်ပျိုးသီးနှံအလိုက် စိုက်ပျိုးစရိတ်ချေးငွေရရှိဖို့အတွက် ဆောင်ရွက်ပေးခြင်း၊ (၂) သီးနှံဈေးနှုန်း အာမခံချက်ရရှိရအောင် ဆောလျင်စွာဆောင်ရွက်ပေးခြင်း၊ (၃) ရေစီမံခန့်ခွဲပေးဝေမှုကို တောင်သူ အခြေပြုစီမံဆောင်ရွက်ပေးခြင်း၊ (၄) စီးပွားရေးဆန်ဆန်စိုက်ပျိုးနိုင်ဖို့အတွက် ဈေးကွက်ဝင်သီးနှံတွေကို လွတ်လွတ်လပ်လပ်နဲ့ စိုက်ပျိုးခွင့်ရအောင် တည်တံ့အောင်ဆောင်ရွက်ပေးခြင်း၊ (၅) စိုက်ပျိုးရေးအသိပညာပေး ပြီးတော့ အနာဂတ်ဈေးနှုန်း မျှော်မှန်းတတ်အောင် လေ့ကျင့်ပေးခြင်း၊ (၆) ဈေးနှုန်းစိုက်ပျိုးနည်းပညာဖြန့်ဝေရာ မှာ ယခုထက်ပိုမိုထိရောက်နိုင်မယ့် Institution များ၊ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဆောင်ရွက်ပေးခြင်း၊ (၇) စိုက်ပျိုး ရေးပညာပေးမှုနဲ့ သုတေသနလုပ်ငန်းတွေကို ထိရောက်ဆွဲဆောင်အောင်ကူညီဆောင်ရွက်ပေးခြင်း၊ (၈)

ဈေးကွက်ဝင်တဲ့ စံချိန်မီအထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်ရရှိအောင် ရေရှိအောင်ဆောင်ရွက်ပေးခြင်း၊ (၉)အချက်အနေနဲ့ မြေယာမူဝါဒတွေကို ခေတ်စနစ်အရ ပြောင်းလဲပေးခြင်းတို့ ဆောင်ရွက်ပေးဖို့ လိုပါမယ်။ အလားတူ ရေရှည်မူဝါဒအနေနဲ့ နိုင်ငံတော်ကြီးကြပ်မှုအောက်မှာ တောင်သူလယ်သမားတွေကိုကိုယ်တိုင် ရန်ပုံငွေထူထောင်ပြီးတော့ စိုက်ပျိုးရေးဘဏ်တွေပေါ်ပေါက်လာဖို့ ဆောင်ရွက်ပေးခြင်း၊ နောက်တစ်ချက်အနေနဲ့ ကာလရှည်မူဝါဒ ချမှတ်ပြီးတော့မှ သီးနှံရဲ့ဈေးနှုန်း ဈေးကွက်အာမခံချက်ရအောင်ဆောင်ရွက်ပေးခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့် သီးနှံဈေးကွက်ရရှိရေးနှင့် သုတေသနလုပ်ငန်းတွေမှာ လယ်သမားတွေ ပညာရည်မြင့်မားပြီး ပါဝင်လာအောင် ဆောင်ရွက်ပေးခြင်းတို့ကိုဆောင်ရွက်ပေးဖို့ လို၊ မလို နောက်ဆုံးအချက်အနေနဲ့ လယ်ယာကဏ္ဍတိုးတက်ဖို့အတွက် မဖြစ်မနေလိုအပ်တဲ့ ကျေးလက်ဒေသရဲ့ လမ်းပန်းဆက်သွယ်ရေးကို တိုးတက်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် လယ်ယာကဏ္ဍသည် ယနေ့ နိုင်ငံတော်အစိုးရအနေနဲ့ဆောင်ရွက်နေတဲ့လုပ်ငန်းများနည်းတူ အောင်မြင်မှာဖြစ်ပါတယ်။ ယခု ကျွန်တော် တင်ပြသွားတဲ့အချက်များသည် လက်ရှိ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ လုပ်ငန်းများမှာ ပါဝင်သလို မပါဝင်တဲ့ကိစ္စတွေရှိရင်လည်း ဦးစားပေးဆောင်ရွက်ပေးဖို့ အဆိုတင်သွင်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)။** ။ အထူးရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူးဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ နယ်ပယ်ဒေသအသီးသီးမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားမိပါကြောင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ် ဦးတင်မောင်ဦးရဲ့ အဆိုပြုချက်ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုကိုထောက်ခံရတဲ့ အကြောင်းကတော့ နံပါတ် (၁) ကတော့ နိုင်ငံတော်သမ္မတရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်ကို အထောက်အကူဖြစ်စေရန် ထောက်ခံခြင်းဖြစ်ပါတယ်။ နံပါတ် (၂) ကတော့ ကျေးလက်တောင်သူလယ်သမားတွေရဲ့ လက်ရှိဆင်းရဲခြင်းကို အမြန်ဆုံးကယ်တင်ဖို့လိုအပ်နေတဲ့ အတွက် ကျွန်တော်ထောက်ခံသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ထမင်းရှင်၊ ကျေးဖူးရှင်တောင်သူလယ်သမားတွေက ဘေးဒုက္ခမျိုးစုံကြုံတွေ့ရပါတယ်။ အခုနက ရွှေပြည်သာ မဲဆန္ဒနယ် ဦးတင်မောင်ဦးပြောတဲ့ အဆိုပြုချက်တွေကို ပြန်ချုပ်လိုက်ရင် အညာဒေသမှာရေငတ်ပြီးတော့ ဒုက္ခရောက်တာတွေတွေ့ရသလို အောက်မြန်မာပြည်မှာ ရေနစ်ပြီးတော့ ဒုက္ခရောက်တာတွေတွေ့ရပါတယ်။ တချို့နေရာတွေမှာ ကျေးလက်ဒေသတွေမှာ လေပြင်းတွေ၊ လေနဲ့ပတ်သက်တဲ့ လေမုန်တိုင်းတွေကွက်ကြား ကျတာ အရင်ထက်ပိုပြီးများလာတာတွေတွေ့ရပါတယ်။ နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံတစ်ဝှမ်းမှာ တော်တော်များများ မြေသိမ်းရတဲ့ မြေပြဿနာတွေ အခက်အခဲတွေ တော်တော်လေးတွေ့ရပါတယ်။ နောက် ရာသီဥတုဖောက်ပြန်တဲ့အတွက် ရာသီဥတုဒဏ်ကိုလည်း မြို့ပေါ်ကလူထက် ကျေးလက်ကတောင်သူ

လယ်သမားပိုခံစားရပါတယ်။ ပိုပြီးတော့ ထိခိုက်နစ်နာမှုရှိပါတယ်။ နောက်တစ်ချက်ကတော့ သီးနှံအထွက်နှုန်း ကျဆင်းမှုဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းတွေက ကျဆင်းပါတယ်။ ဒီလို သီးနှံအထွက်နှုန်းကျဆင်းတာလည်း ကျွန်တော်တို့ရဲ့ ထမင်းရှင်တောင်သူလယ်သမားတွေရဲ့အပြစ်တစ်ခုတည်းမဟုတ်ပါဘူး။ ပြီးခဲ့တဲ့ကာလတုန်းက စပါးပြီး စပါး၊ စပါးပြီး စပါး၊ စပါးပြီး စပါး မဖြစ်မနေစိုက်ရတဲ့အခါကျတော့ ဒီမြေတွေဟာ ယနေ့မှာ တော်တော် လေးကိုပျက်စီးနေပါပြီ။ အထူးသဖြင့် ဧရာဝတီတိုင်းကိုကြည့်လိုက်တဲ့အခါမှာ ဧရာဝတီတိုင်းမှာ စပါးတွေက ရောဂါမျိုးစုံကျတယ်။ မြေတွေကပျက်တဲ့အတွက် ထွက်သင့်သလောက်မထွက်တာတွေ့ရပါတယ်။ ဒီလို မြေပျက်တဲ့အကြောင်းတရားက တောင်သူလယ်သမားအပြစ်ကြီးပဲမဟုတ်ဘဲနဲ့ ပြီးခဲ့တဲ့ မူဝါဒရဲ့ အားနည်းချက် ကြောင့်ဆိုတာတွေ့ရပါတယ်။ ဒီကြောင့်မို့လို့ ဒီဟာကိုဒီအတိုင်း သူတို့ချည်းလွှတ်ထားလို့မရတော့ပါဘူး။ ဝိုင်းဝန်းပြီးတော့ ထူမဖို့လိုပါတယ်။ နောက်တစ်ချက်ကတော့ ဈေးနှုန်းကိစ္စ ကျွန်တော်တို့ တောင်သူလယ်သမား တွေဟာ ဒီသီးနှံဈေးနှုန်းနဲ့ပတ်သက်လို့ ၁၀ နှစ်လောက်ရှိပါပြီ။ တစ်နှစ်ဆုံးရှုံးရင် တစ်နှစ်သီးနှံဈေးနှုန်းမရရင် သုံးနှစ်ဒုက္ခရောက်ပါတယ်။ တစ်နှစ်ရှုံးရင် သုံးနှစ် အနည်းဆုံးဒုက္ခရောက်ပါတယ်။ အဲ့တော့ သီးနှံဈေးနှုန်းက သင့်တင့်တဲ့ဈေးနှုန်းလည်းမရဘူး။ သီးနှံဈေးနှုန်းရဲ့အာမခံချက်မရှိတော့ သူတို့မှာမူလစိုက်ပျိုးမယ့်လုပ်ငန်းရဲ့ မျှော်လင့်ချက်ဟာ အင်မတန်အားနည်းနေတာ တွေ့ရပါတယ်။ စိုက်သာစိုက်ရတာ ဝမ်းစာပဲရရင်လည်းရမရှုံးရင် တော်ပါပြီဆိုတဲ့ ခံယူချက်မျိုးတွေဖြစ်လာတယ်။ မရှုံးရင်တော်ပါပြီဆိုတဲ့ခံယူချက်က သေချာပေါက်ရှုံးတော့မှာ ဒါကြောင့်မို့လို့ ဈေးနှုန်းတွေကလည်း တစ်ဖက်က ဒါတွေကို ခုနက ဦးတင်မောင်ဦးပြောသွားသလို သင့်တင့်တဲ့ ဈေးနှုန်းရအောင်၊ အာမခံထားရှိတဲ့ဈေးနှုန်းဖြစ်အောင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဘက်ကနေပြီးတော့ ဒါတွေဟာ ဥပဒေပြဋ္ဌာန်းသင့်ဖို့လိုပါတယ်။ နောက်တစ်ချက်ကတော့ လက်ရှိတောင်သူလယ်သမားတွေက အကြွေးဘေး ၁၀ နှစ်နီးပါးလောက်ရှုံးတဲ့အတွက် အကြွေးဘေးသူတို့မှာရှိနေပါတယ်။ ပြန်စိုက်ဖို့အတွက် အရင်းအနှီးမရှိတော့ ရှိတဲ့ဟာလေးတွေနဲ့ ပေါင်နှံပြီးတော့လုပ်ရတဲ့ အခါမှာ အပြင်မှာ ၅ ကျပ်တိုးကနေ ၁၀ တိုး၊ ၁၅ ကျပ်တိုး၊ တချို့ဆိုရင် ၂၀ တိုးထိတောင် အရေးပေါ်ချေးရတာတွေတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ် ဦးတင်မောင်ဦးရဲ့ နိုင်ငံတော်ဒီမိုကရေစီအသွင်ကူးပြောင်းရေးအသွင်ကာလတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဦးဆောင်စီးပွားရေးကဏ္ဍ (Leading Sector) အဖြစ်သတ်မှတ်၍ ယခုထက်အရှိန်အဟုန်မြှင့်တင်ပြီး ဘက်စုံကဏ္ဍစုံမှတွန်းအားပေး ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံအပ် ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အချိန်ရဲ့လိုအပ်ချက်အရ အဆိုတင်သွင်းသွားတဲ့ အဆိုပေါ်မူတည်ပြီးတော့ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသင့်ကြောင်းနှင့် ထောက်ခံဆွေးနွေးရခြင်းအကြောင်းကို တင်ပြ ဆွေးနွေးသွားပါတယ်။ ဒါကြောင့် လွှတ်တော်ခန်းမအတွင်းမှာရောက်ရှိနေကြတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ မှလည်း ဒီအဆိုပေါ်မူတည်ပြီးတော့ ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

## ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်၏အဆိုနှင့်စပ်လျဉ်း၍ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၏ အဆိုအပေါ်မှာ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားကျွန်တော် ဦးခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ အခုလို ရှင်းလင်းဖြေကြားခွင့် ရရှိတဲ့အတွက်ကြောင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မြှင့်တင်ရေးဟုဆိုရာတွင် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးကို အဓိကဆိုလို သည်ဟု နားလည်ပါ တယ်။ စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မြှင့်တင်ရေးနှင့် ပတ်သက်ပြီးတော့ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်လေးရပ်တွင် စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟု ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။ ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉ တွင် နိုင်ငံတော်သည် လက်မှု လယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်းကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ယခုအခါ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဦးစီးဆောင်ရွက်လျက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀ ဘဏ္ဍာ ရေးနှစ်အထိ နိုင်ငံတော်၏ အနှစ် ၂၀ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း National Comprehensive Development Plan ရေးဆွဲရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအနှစ် ၂၀ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှာ အကျုံးဝင်တဲ့ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၁၆ဘဏ္ဍာနှစ်အထိ ပထမ ၅နှစ် စီမံကိန်းကိုရေးဆွဲ တင်ပြထားပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ကာလ ၁၅ နှစ်အတွက် အမျိုးသားစီမံကိန်းနှင့်ဖွံ့ဖြိုးရေး စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနမှ ချမှတ်ပေးမယ့် အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ ရည်မှန်းချက်များနှင့် မဟာဗျူဟာများအပေါ် အခြေခံကာ လယ်ယာစိုက်ပျိုးရေးကဏ္ဍစီမံကိန်းကို ရေးဆွဲဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။ ၁၅နှစ်တာစီမံကိန်းကို ၅နှစ်စီမံကိန်း ၃ ခုဖြင့် ပိုင်းခြားကာ ကာလအလိုက် စိုက်ပျိုးရေးကဏ္ဍ အရှိန် အဟုန်ဖြင့် တိုးတက်စေရေးအတွက် ရည်မှန်းချက်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်သွားမှာ ဖြစ်ပါတယ်။ ယင်းသို့ဆောင်ရွက်သွားရာတွင် လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးတို့ကို ဦးတည်ကာ ပြည်တွင်းပညာရှင် များနှင့်ပြည်ပမှ နည်းပညာအကူအညီများကိုရယူပြီး ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနှင့် လယ်ယာကဏ္ဍရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ တွန်းအားပေးဆောင်ရွက် လျက်ရှိတဲ့အတွက် ကိုယ်စားလှယ်တော်ကြီးတင်သွင်းတဲ့ နိုင်ငံတော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး

ကာလတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဦးဆောင်စီးပွားရေးကဏ္ဍ (Leading Sector)အဖြစ် သတ်မှတ်၍ ယခုထက်အချိန်အဟုန် မြှင့်တင်ပြီး ဘက်စုံ၊ ကဏ္ဍစုံမှ တွန်းအားပေးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စန်းရီ(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ကျွန်မကတော့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဒေါက်တာဒေါ်ခင်စန်းရီ ဖြစ်ပါတယ်။ ဖြည့်စွက်ဆွေးနွေးဖို့ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ရဲ့ စီးပွားရေး မူဝါဒလေးရပ်မှာ စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက် အောင်တည်ဆောက်ရေး၊ ဒုတိယအချက်အနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ တတိယအချက်အနေနဲ့ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နောက်ဆုံးအချက်အနေနှင့် စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေး ဆိုတဲ့အချက်လေးချက်ပေါ်မူတည်ပြီးတော့မှ စီမံကိန်းများရေးဆွဲလျက်ရှိပါတယ်။ ဒီစီမံကိန်းရေးဆွဲရာမှာ ငါးနှစ်စီမံကိန်း ဒီနှစ် ၂၀၁၁-၂၀၁၂၊ ၁၂-၁၃ကို ကျွန်မတို့ဟာ နိုင်ငံတော်ဘတ်ဂျက်နဲ့ပဲ ရေးဆွဲထားပေမယ့် ဒီအနှစ်၂၀ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရာမှာ ဒီတိုင်းဒေသကြီး/ပြည်နယ်များ လူထုဗဟိုပြုစီမံကိန်းတွေကနေပြီးတော့မှာ ဒီကဏ္ဍနဲ့ချိတ်ဆက်ပြီးရေးဆွဲရမှာဖြစ်တဲ့အတွက် နိုင်ငံခြားအကူအညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပါဝင်တဲ့ စီမံကိန်းတွေ ရေးဆွဲရမှာ ဖြစ်ပါတယ်။ ရှေ့လာမယ့်နှစ် စီမံကိန်းတွေကတော့ နိုင်ငံတော်ဘတ်ဂျက်သာမက နိုင်ငံခြားအကူအညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဒီတိုင်းဒေသကြီး/ ပြည်နယ်လူထု တွေနဲ့ညှိနှိုင်းပြီးမှ ကဏ္ဍစုံနဲ့ ချိတ်ဆက်ရေးဆွဲမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့အဆိုကို မှတ်တမ်းထားရှိနိုင်ရန် တင်ပြအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုတင်ပြသူ ဦးတင်မောင်ဦးမှ ပြန်လည်ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျွန်တော်အဆိုမတင်သွင်းခင်မှာ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆွေးနွေးတဲ့အခါမှာ ကျွန်တော်အခု တင်ပြတဲ့အချက်ထဲက တော်တော်များများသည် လက်ရှိနိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ဒါကြောင့် ကျွန်တော့် အဆိုကို မှတ်တမ်းတင်ပေးဖို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့လည်း ဆွေးနွေးသွားတဲ့အချက်တွေပေါ် မူတည်ပြီးတော့ ထပ်လောင်းဆွေးနွေးချင်တာလေးရှိပါတယ်။ လက်ရှိအခြေအနေမှာ ရာသီဥတုပြောင်းလဲမှု

ဖောက်ပြန်မှုကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းများဟာ ကျွန်တော်တို့ နိုင်ငံမှာလည်း ခံစားနေရပါတယ်။ ဒါကြောင့် သီးနှံများပျက်စီးဆုံးရှုံးခြင်း၊ အထွက်နှုန်းလျော့ကျခြင်း၊ ဒ့ါအပြင် အရည်အသွေးကျဆင်းခြင်းများလည်း ဖြစ်ပေါ်လျက်ရှိပါတယ်။ တစ်ခါ သီးနှံစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများအနေနဲ့ အရင်းအနှီးမရှိ၍၊ အရင်းအနှီးမဲ့၍ နည်းလမ်းမျိုးစုံဖြင့်၊ ချေးငှားသုံးစွဲနေရတဲ့အခါမှာ အတိုးများလည်း ပုံစံအမျိုးမျိုးနဲ့ အတိုးနှုန်းကြီးစွာဖြင့်ပေးနေကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ တစ်ခါထွက်ရှိလာတဲ့ သီးနှံများကို ရောင်းချတဲ့အခါမှာ သီးနှံဈေးနှုန်း တည်ငြိမ်မှု မရှိခြင်း၊ သီးနှံဈေးနှုန်းများဟာ ကျဆင်းခြင်း၊ ကျဆင်းခြင်းဆိုတဲ့နေရာမှာ ထုတ်လုပ်မှုစရိတ်ထက် တစ်ချို့မကာမိလောက်အောင်ရှိတဲ့ အနေအထားမှာလည်း တချို့နေရာတွေမှာရှိတယ်ဆိုတာသိရပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့နှစ်တုန်းက ဇလွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်က တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်တဲ့ လယ်ယာထွက်ကုန်သီးနှံများအား အနိမ့်ဆုံးဈေး သတ်မှတ်ပြီးဝယ်ယူဖို့ အဆိုတစ်ခု တိုက်တွန်းဆောင်ရွက်ခဲ့တာရှိပါတယ်။ အဲလိုတိုက်တွန်းဆောင်ရွက်တဲ့အခါမှာ အဆိုပြုတင်ပြပြီးနောက် ဒီအဆိုအောင်မြင်ပြီးတဲ့အခါမှာလည်း သီးနှံဈေးနှုန်းသတ်မှတ်တဲ့ နေရာမှာ နည်းနည်းလေးနောက်ကျပါတယ်။ နောက်ကျတဲ့အတွက် အရင်ထွက်ရှိလာတဲ့သီးနံ့တွေရောင်းတဲ့နေရာမှာ ဈေးမရပါဘူး။ ဥပမာအားဖြင့် အဓိကဖြစ်တဲ့ ဆန်စပါး၊ ဆန်စပါးဆိုလို့ရှိရင် စပါးလှိုင်လှိုင်ထွက်တဲ့အချိန် နိုဝင်ဘာလနောက်ပိုင်း ဒီဇင်ဘာ၊ ဇန်နဝါရီလလောက်မှာ စပါးတစ်တင်းဟာ ၂၈၀၀ တချို့နေရာမှာ ၂၆၀၀ လောက်ပဲရှိကြောင်း တွေ့ရှိရပါတယ်။ ဒါပေမယ့် ဒီစပါးတစ်တင်းရဲ့ ကုန်ကျမှုစရိတ်ဟာ တစ်တင်းအတွက် ၃၀၀၀၊ ၃၀၀၀ ကျော်အထိ ဖြစ်နေတဲ့အတွက် ဒီမှာတွက်လိုက် မယ်ဆိုရင်လည်း စပါးတစ်တင်းတိုင်း တစ်တင်းတိုင်းမှာ ငွေ ၂၀၀၊ ၂၅၀ ဆုံးရှုံးတဲ့သဘောဖြစ်နေပါ တယ်။ သို့ရာတွင် နောက်ပိုင်း စပါးသီးနံ့အရန်ဝယ်ယူဖို့ စီစဉ်တယ်။ နောက်ဈေးနှုန်းသတ်မှတ်ပေးတယ်။ ဈေးနှုန်းသတ်မှတ်ပေးတဲ့အခါမှာ လယ်သမားများရဲ့ လက်ဝယ်မှာ စပါးဟာ မကျန်တော့ဘဲနဲ့ အခြားလူများလက်ထဲ ရောက်သွားပါတယ်။ ဒါကြောင့် တကယ်စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများဟာ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရပါတယ်။ အဲဒီကနေပြီးတော့ ဒီနေ့ ဩဂုတ်လ၊ စက်တင်ဘာလ ဒီနှစ် အောက်တိုဘာလရောက်တဲ့အခါမှာ စပါးဈေးဟာ ၃၅၀၀၊ ၃၆၀၀ နောက်ဆုံး ၄၀၀၀ လောက်ထိ ရောက်သွားတာလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ အချက်အလက်တွေများစွာရှိတဲ့နေရာမှာ ဒီနေ့ စပါး ဆိုရင် စပါးတစ်တင်းရဲ့ အနိမ့်ဆုံးဈေးကို အချိန်မီသတ်မှတ်ဖို့လိုပါတယ်။ အဲလိုအချိန်မီသတ်မှတ်မှသာလျှင် ထွက်ရှိလာတဲ့စပါးကို ပြန်ရောင်းတဲ့အခါမှာ ထိုက်သင့်တဲ့ဈေးရပြီးတော့ ဆုံးရှုံးမှုသက်သာနိုင်မှာ ဖြစ်ပါတယ်။ ကျန်တဲ့အကြောင်းအရာတွေကလည်း ဆွေးနွေးသွားတာတွေအားလုံး မှန်တယ်လို့ ပြောဆို လို့ရပါတယ်။ တစ်ခါ တစ်ဖက်က ဝန်ကြီးဌာနများအနေနဲ့လည်း ဝန်ကြီးဌာန၌ လုပ်ဆောင်မှုများရှိနေတယ်။ ကြိုးစားဆောင်ရွက်မှုများလည်း မှန်ပါတယ်။ သို့ရာတွင် လုပ်ဆောင်တဲ့နေရာမှာ အချိန်ကိုက်လုပ်ဆောင်ပေးနိုင်ဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့ ငယ်ငယ်ကတည်းက စိုက်ပျိုးရေးဝန်ကြီး ဌာနက ချမှတ်ထားတဲ့ ဆောင်ပုဒ်ရှိပါတယ်။ ဒါဘာလဲဆိုရင် မျိုးမှန်မြေမှန် စိုက်နည်းမှန် ရာသီမှန်အောင်စိုက် သီးနှံစိုက်တဲ့နေရာမှာ မျိုးမှန်ဖို့လိုပါတယ်။ မြေမှန်ဖို့ လိုပါတယ်။ စိုက်နည်းမှန်ဖို့ လိုပါတယ်။ ရာသီမီအောင် စိုက်နိုင်ဖို့လိုပါတယ်။ ဒီလိုစိုက်နိုင်ဖို့ဆိုရင် လယ်သမားမှာ မျိုးကောင်းကောင်း မှန်မှန်ရှိဖို့နဲ့ အချိန်မီရရှိဖို့

လိုပါတယ်။ အဲဒီအတိုင်းပဲ စိုက်ပျိုးတဲ့နေရာမှာ အချိန်မီစိုက်နိုင်ဖို့ဆိုရင် လိုတဲ့သွင်းအားစုနဲ့ လုပ်အားသွင်းအားစု များလည်း အချိန်မီလိုပါတယ်။ အဲဒီကိစ္စလေးတွေကို သက်ဆိုင်ရာ တာဝန်ရှိတဲ့ဝန်ကြီးဌာနအနေနဲ့ ကူညီ ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ လယ်သမားများအတွက် ဒီနေ့ အမှန်အတိုင်းပြောရမယ်ဆိုရင် အရှုံးပေါ်တဲ့အနေအထားကနေပြီးတော့ အရင်းကျေ တစ်ဖက်က ပြန်ပြီးတော့ အမြတ်ရနိုင်တဲ့ အနေအထား ရှိပါတယ်။ အမြတ်ရသည်ဆိုသည့်တိုင်း ပြီးခဲ့တဲ့ တစ်နှစ်က အရှုံးပေါ်ထားတဲ့အတွက် နောက်ထပ် ၃ နှစ်လောက်ပြန်ပြီးတော့ လုပ်ရမယ်ဆိုတဲ့ဟာလည်း အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ရွှေပြည်သာ မဲဆန္ဒနယ်က ဦးတင်မောင်ဦး တင်သွင်းတဲ့အဆိုဟာ တကယ့်အခြေအနေအရ လိုအပ်တဲ့အဆိုဖြစ်ပါတယ်။ သို့ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေနဲ့ ဆောင်ရွက်နေတဲ့ကိစ္စများဖြစ်တဲ့အတွက် မှတ်တမ်းတင်ထားရှိ ဖို့လည်း အဆိုရှင်အနေနဲ့ တင်ပြသွားပြီးဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ ကျွန်တော်တို့ခုနက ပြောတဲ့အချက် အလက်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနများကရော၊ ဝန်ကြီးဌာနနှင့် လယ်သမားများနှင့် သက်ဆိုင်တဲ့ အဖွဲ့ အစည်းများကရော စေတနာထားပြီးတော့ ယနေ့ စပါးတွေစပေါ်ပါပြီ။ ပေါ်တဲ့အချိန်မှာ နိုင်ငံတော်အနေနဲ့ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီးတဲ့အခါမှာ အနိမ့်ဆုံးစပါးဈေးကို သတ်မှတ်ဖို့လိုပါတယ်။ အနိမ့်ဆုံးစပါးဈေး သတ်မှတ်လိုက်တော့မှာသာလျှင် ရောင်းတဲ့လူနဲ့ ဝယ်တဲ့သူက ဒီပေါ် အခြေခံဝယ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆွေးနွေးသွားတဲ့ ဆွေးနွေးချက်များဟာ ဆွေးနွေးတဲ့ နေရာမှာတင်ပဲ ပြီးဆုံးသွားပေမယ့် လက်တွေ့နယ်ပယ်မှာ ဖြစ်အောင် သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိသူ များနဲ့ ပေါင်းစပ်ဆောင်ရွက်ဖို့ လိုကြောင်း ကျွန်တော့်အနေနဲ့ ထပ်ဆင့်ဆွေးနွေးခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွှေပြည်သာမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ နိုင်ငံတော် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဦးဆောင်စီးပွားရေးကဏ္ဍ (leading Sector) အဖြစ်သတ်မှတ်၍ ယခုထက်အရှိန်အဟုန်မြှင့်တင်ပြီး ဘက်စုံ၊ ကဏ္ဍစုံမှ တွန်းအားပေးဆောင်ရွက်ရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိမှာဖြစ်ပါတယ်။ မှတ်တမ်းတင်ထားရှိရန်အတွက် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ဦးတင်မောင်ဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း အတည်ပြုကြေညာ ပါတယ်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

အချိန်၊ ၁၅ း ၀၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင် ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ၁၅း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။ ]